# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁)ရက် ၊ အင်္ဂါနေ့ ၊ (3-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ



အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၂**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏ အနာဂတ်ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အရှိန်အဟုန်ဖြင့်တိုးတက်နေသည့်ခေတ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားအပါအဝင် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၌ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်တင်ရန်၊ ဆိုက်ဘာနည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ရန်၊ စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်ပြိုင်ဆိုင်မှုစွမ်းရည်ကိုမြှင့်တင်ရန်၊ နည်းပညာရှင်များနှင့်လုပ်ငန်းခွင်အကြား ချိတ်ဆက်မှုဖန်တီးရန်နှင့် နည်းပညာဂေဟစနစ်တစ်ခု တည်ဆောက်ရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည့် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် **"ယခုနည်းပညာပြပွဲနှင့် ဆွေးနွေးဟောပြောပွဲများမှ နိုင်ငံတော်၏ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ရတနာပုံမြို့သစ်စီမံကိန်းတွင် ဆိုက်ဘာနည်းပညာနှင့် ပတ်သက်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ရေးနှင့် ဉာဏ်ရည်တုနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကျိုးရှိမည့်ရလဒ်များ ပေါ်ထွက်လာမည်ဟုယုံကြည်ပါကြောင်း"** စသည်ဖြင့် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲကို ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့အဆောက်အအုံ၌ ဖေဖော်ဝါရီလ ၂၇ ရက်မှ ၂၈ ရက်ထိ "ဉာဏ်ရည်တုနည်းပညာခေတ် မြန်မာနိုင်ငံ၏ နည်းပညာအနာဂတ်ကိုပုံဖော်ခြင်း" ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး အဆိုပါနှီးနှောဖလှယ်ပွဲနှင့် ပြပွဲကြီးမှတစ်ဆင့် နည်းပညာဆိုင်ရာ အသိပညာအတွေ့အကြုံများအပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိမည့်ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ပေသည်။

၎င်းပြပွဲတွင် ဝန်ကြီးဌာနများနှင့် ပြည်တွင်း၊ ပြည်ပနည်းပညာကုမ္ပဏီများမှ ပြခန်းများပြသခဲ့ပြီး နှီးနှောဖလှယ်ပွဲမှ နည်းပညာလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဝါသနာရှင် ကျောင်းသားလူငယ်များအကြား အခွင့်အလမ်းသစ်များဖော်ဆောင်နိုင်ပြီး ပြည်တွင်းဖြစ်နည်းပညာတီထွင်မှုများကို အသိအမှတ်ပြုဖော်ထုတ်ပေးခြင်းနှင့် ပြည်တွင်းအခြေစိုက် အီလက်ထရောနစ်စက်ပစ္စည်းများနှင့် အိုင်စီတီဆိုင်ရာစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ရတနာပုံမြို့သစ်တွင် လူငယ်များ၏ တီထွင်ဖန်တီးမှုများ၊ ပြည်တွင်း၊ ပြည်ပ နည်းပညာကုမ္ပဏီများ၏ ဒစ်ဂျစ်တယ်နည်းပညာသစ်များကို အမြင်ချင်းဖလှယ်တွေ့ဆုံဆွေးနွေးနိုင်ခွင့်ရသဖြင့် နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်ပေသည်။

ယခုကဲ့သို့ ရတနာပုံမြို့သစ်တွင် လူငယ်လူရွယ်များပါဝင်သည့် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲမှတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် Software များ၊ Hardware များနှင့် ဆန်းသစ်သည့် Solution များကိုဖန်တီးနိုင်ပြီး ကျောင်းသားလူငယ်များ၏ Project များသည် မြန်မာနိုင်ငံ၏ အနာဂတ်ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားအပ်ပါသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၈၀၂၄ ကေ၊ ကနီမြို့နယ်တွင် ကေ၂၁၀၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၉၅ ကေ၊ ပုလဲမြို့နယ်တွင် ကေ ၁၆၉၂၀ စုစုပေါင်း ၆၅၀၈၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၂ ဒသမ၂၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၆၅၀၈၉ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် နှမ်းစိုက်တောင်သူများကို GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အုန်းသီးအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အုန်းသီးအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၅၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်း အုန်းသီးအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ လယ်ယာ ထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အုန်းသီးအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ လက်ရှိဒေသထွက်အုန်းသီးတွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေတယ်လို့ သိရပါတယ်"ဟု ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးအခြောက်၊ အုန်းသီးအစိမ်း၊ အုန်းသီးအနု၊ အုန်းသီးအခွံခွာ၊ အုန်းသီးအခွံပါ စသည်ဖြင့် ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ဒါးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက ဒါးလှကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်းတည်မြို့နယ် ပေါင်းတည်-သဖန်းကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပေါင်းတည် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ပေါင်းတည် -သဖန်းကုန်းလမ်း ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းနှင့်ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ (ပဲခူးတိုင်းတာဝန်ခံ)၊ ပြည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝဏ္ဏ၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်း ရေးအဖွဲ့တို့နှင့်အတူ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ် အတွင်းရှိ ပေါင်းတည် - သဖန်းကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ် ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ်က အဆိုပါလမ်း များကို အဆင့်မြင့်တင်ဆောင်ရွက် မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့သည်။

ပေါင်းတည်မြို့နယ်၌ အရှည် ၂ ဒသမ ၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးလက်မရှိပေါင်းတည်- သဖန်းကုန်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းနှင့် အခြားဆက်စပ် လုပ်ငန်းများကို ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၁၁၅ သန်းဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ နှစ်ဖက်သော အဘိုး၊ အဘွား၊ မိဘများအားအမှူးထား၍ ကိုသူရိန်ထွန်း- မစိမ်းယုကျော်မြင့် စက်မှုလက်မှုမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ၁၃၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုး ရာသီက စိုက်ပျိုးခဲ့သော မြေ ထောက်ပဲ ၁၃၂၅ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။

ကလေးခရိုင်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ အဆိုပါစိုက်ပျိုးထား သော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကလေးမြို့နယ်၌ ၈၈၄ ဧက၊ မင်းကင်းမြို့နယ်၌ ၄၄၁ ဧက စုစုပေါင်း ၁၃၂၅ ဧကထိ ရိတ် သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၉ တင်း ထွက်ရှိ ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၂၈၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မြေထောက်ပဲ ၁၃၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင် ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြေထောက်ပဲ စိုက်တောင်သူများအနေဖြင့် မြေ ထောက်ပဲစိုက်ဧကများ တိုးချဲ့စိုက် ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်း မွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက် ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်း မွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေး အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံ မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိ ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုး တက်လာမည်ဖြစ်သဖြင့် မြေ ထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြော ပြ၍ သိရသည်။

**(၂၀၆)**

# ကလောမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော မတ် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဘော်နင်းကျေး ရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေထုတ်ချေးခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ညောင်ကုန်းကျေး ရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ် ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန် ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်း နှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံ ငွေကျပ် ၂၉၈ သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေး ရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၂၉၈ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

**မောင်ခိုင်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက် မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်း ဌေးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပလာတူး ငါးခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ပလာတူးငါးခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက် တစ်ပိဿာလျှင် ငွေ ကျပ် ၃၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသကထွက်ရှိတဲ့ ပလာတူးငါး ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက် နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပလာတူးငါးခြောက်တွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါ တယ်။ ဒီဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ ရောင်းချတာဖြစ်ပါတယ်။ အခုလို ပလာတူးငါးခြောက်တွေ အရောင်းအဝယ် တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လာ တော့ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်တွေ၊ ရေလုပ်သားတွေ၊ ကုန်တင် ယာဉ်အငှားလိုက်သူတွေ အဆင်ပြေလာပါ တယ်"ဟု ဒေးဒရဲမြို့နယ် ငါးခြောက် မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်း ဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပုစွန်၊ ကဏန်း၊ ငါးအမျိုးမျိုးတို့အပြင် ငါးခြောက် များကိုဝယ်ယူပြီး စနစ်တကျသန့်စင် ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန် ဈေးကွက်မှတစ်ဆင့် အခြားဒေသများ သို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိ ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဘိုးဝဇီရ၏ စာနှင့် ကဗျာ

## ပြေအေးသက်

၁၂၃၆ ခုနှစ် မင်းတုန်းမင်းတရားလက်ထက်တွင် စတင်ထုတ်ဝေခဲ့သည့် ရတနာပုံသတင်းစာ၏ ပထမဆုံးသော မြန်မာသတင်းစာဆရာဖြစ်သည့် ဘိုးဝဇီရသည် စာရေးတော်ခေါ် စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ဘိုးဝဇီရကို အမရပူရမြို့ သရက်သုံးပင်အရပ်တွင် ၁၂၁၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့၌ ငယ်နာမည်မောင်လွင်ဖြင့် သေနတ်စာရေးကြီး မင်းလှရာဇာဘွဲ့ခံ ဦးထွန်း၊ ဒေါ်ခိုတို့က ဖွားမြင်ခဲ့သည်။ ငယ်ရွယ်စဉ်ကပင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကြောင်း မြင်ရသဖြင့် ဖခင်ဖြစ်သူကလည်း ထွန်းထွန်းပေါက်ပေါက်ဖြစ်စေရန် လမ်းကြောင်း၍ ပြုစုပျိုးထောင်ပေးခဲ့သည်။ မင်းလှရာဇာသည် မိမိသားငယ်အရွယ်ရောက်လျှင် နေအိမ်တွင်ပင် သင်ပုန်းကြီးနှင့် မင်္ဂလသုတ်၊ လောကနီတိ စသည်တို့ကို ကိုယ်တိုင်ကိုယ်ကျ သင်ကြားပြသပေးခဲ့သည်။

**ရှင်ဝဇီရ**

၁၃ နှစ်သားအရွယ်တွင် မန္တလေးမြို့ ခင်မကန်တိုက်၌ ကျောင်းသားအဖြစ် ဖခင်က အပ်နှံသည်။ မောင်လွင်သည် စာပေကျမ်းဂန်များကို သင်အံ၍ ၁၆ နှစ်သားအရွယ်တွင် သာမဏေဘောင်သို့ ကူးခဲ့လေသည်။ သာမဏေဖြစ်လာသောအခါ ခင်မကန်တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတက ကိုရင်မောင်လွင်သည် ဝရဇိန်လက်နက်ကဲ့သို့ ထက်မြက်သောဉာဏ်ပညာရှိသည်ကို သိမြင်သဖြင့် ရှင်ဝဇီရဟုဘွဲ့ပေးသည်။ ရှင်ဝဇီရသည် ခင်မကန်တိုက်တွင် သုံးနှစ်မျှပညာဆည်းပူးပြီးနောက် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ပြောင်းရွှေ့ကာ ပညာစွယ်စုံ ဆရာတော်ကြီးများထံမှ ပိဋကသုံးပုံကို သင်ယူသည်။ အခြားရဟန်းသာမဏေများကိုလည်း စာချပေးသည်။ ရှင်ဝဇီရသည် စာပေကျမ်းဂန်များစွာကို အာဂုံဆောင်နိုင်သည်။ စာပြန်ရာ၊ ရွတ်ဖတ်ရာ၌လည်း သံနေသံထားဥာန်ကရိုဏ်းကျနပီသလှသဖြင့် ရှင်ဝဇီရစာပြန်သည်ကို အခြားပုဂ္ဂိုလ်များက လာ၍နာယူကြရသည်။ ရှင်ဝဇီရ၏ ထက်မြက်သော ဉာဏ်ရည်၊ ပြင်းထန်သော ဇွဲလုံ့လတို့ကိုလည်း ဆရာတော်ကြီးများက ချီးကျူးကြလေသည်။

**ရှင်ဝဇီရ လူထွက်ပြီ**

ဘုရားကြီးကျောင်းတိုက်တွင် ခြောက်နှစ်ကြာမျှ ပညာဆည်းပူးပြီးနောက် မန္တလေးတောင်ခြေ သစ်ဆိမ့်ဆရာတော်ထံတွင် တစ်နှစ်မျှ ဆည်းကပ်နေထိုင်ခဲ့သည်။ ထို့နောက် ခင်မကန်တိုက်သို့ ပြန်လည်ပြောင်းရွှေ့ပြီး တစ်နှစ်အကြာတွင် လူဝတ်လဲလေသည်။ ရဟန်းဝတ်နှင့် တစ်သက်လုံးနေမည်ဟု မရည်မှန်းခဲ့သည့်အလျောက် ရဟန်းမခံဘဲ နေခဲ့လေသည်။ လူဝတ်လဲပြီးနောက်တွင် ဦးရိုးတော်သူ နံ့သာနန်းခုံမင်း ဦးနှင်းနှင့်အတူ ရှေ့ဘတ်စာရေးအဖြစ် အောက်မြို့ကျေးရွာများသို့ လိုက်ပါသွားရင်း ဒေသန္တရဗဟုသုတများကို လေ့လာဆည်းပူးခဲ့သည်။ ဆရာတော်ရင်းဖြစ်သော ဦးပဏ္ဍိတနှင့် မြောင်လှမြို့စား ဝန်ထောက်တော်မင်း ဦးခြိမ့်တို့သည် ဆရာရင်း၊ တကာရင်းများဖြစ်ကြသည်။ ဦးခြိမ့်သည် ဆရာတော်ထံသို့ သွားလာဝင်ထွက်နေရာမှ ရှင်ဝဇီရလူထွက်၏ အရည်အသွေးကိုသတိပြုမိသည်။ ထို့ပြင် ကိုရင်လူထွက်ကိုလည်း ခင်မင်ရင်းနှီးလျက်ရှိနေသည်။

**ကိုရင်လူထွက်နှင့် စလင်းဝန်**

မင်းတုန်းမင်းအမိန့်ဖြင့် နံ့သာနန်းခုံမင်း ဦးနှင်းနှင့် မလွန်ခြောက်မြို့ ခုံတော်ဦးခဲတို့သည် အောက်မြစ်စဉ်ဝဲယာတို့တွင် မှုခင်းများ စစ်ဆေးရန် စေလွှတ်သည်တွင် ထိုစဉ်အသက် ၂၆ နှစ်ခန့်ရှိသော ရှေ့ဘတ်စာရေးဖြစ်သူ ဦးဝဇီရလည်း လိုက်ပါရသည်။ တစ်နေ့ စလင်းမြို့ဝန် ဦးကျော်ဒွန်းထံအရောက်တွင် သူ့ထံတွင်ရှိသော စလူအမည်ရှိ ကြန်အင်လက္ခဏာစုံသော မြင်းအကြောင်း ဦးဝဇီရကို စာဖွဲ့စေရာ ရုတ်ခြည်းပင် မြင်းဘွဲ့တေးထပ်တစ်ပုဒ်ကို စပ်ဆိုပြခဲ့သည်။

"အဇတာ တိမ်ကြွမှာ၊ သိန္ဓဝ မျိုးနွယ်၊ ကြိမ်သမျှ ချိုးဖယ်သည်၊ ကိုးနယ်ပြည့် ထင်ရှား၊ စိတ်မက ပြေးဟုန်မြန်တယ်၊ ရေးပုံစံ ကင်းတဲ့အသွား၊ မြင်သူတို့ မက်လေအောင်၊ ကျက်သရေ တောက်ပွား၊ လက်မသွေ မြောက်ကြွားလို့၊ ခြောက်ပါးစ ထောင်ထောင်၊ ရှည်ကမ္ဘာ စံမရလေဘု၊ သဏ္ဍာန်လှ မြင်းမြင့်ဥသျှောင်၊ ခွန်းအုန်ဆင့် မွေးတူရောင်ကို၊ ရေးယူဆောင်နတ်မစွမ်းနိုင်ဘု၊ မြတ်ကျမ်းထွက် ဗွေကောင်းစုံ၊ ခြီးအံ့မကုန်

**❖ ကင်းဝန်မင်းကြီး၏အကူအညီဖြင့် ရတနာပုံသတင်းစာတွင် စာရေးတော်ခေါ် စာတည်းအဖြစ် တစ်လကို ငွေ ၁၅ ကျပ်နှင့် ခန့်ထားပေးလေသည်။ ဘုရင့်သတင်းစာတွင် ဝင်ရောက်ဆောင်ရွက်ရသောအခါ မောင်လွင်သည် မင်းတုန်းမင်း၏ ငယ်မည်နှင့် ဆင်တူဖြစ်နေသဖြင့် ကင်းဝန်မင်းကြီးက မောင်ထင်ဟု အမည်ပြောင်းပေးသည်။ သို့သော် ဝဇီရဟူသောအမည်ဖြင့် အခြားသူများက အခေါ်များလေသည်။ ထို့ကြောင့် ဘိုးဝဇီရကိုယ်တိုင်က သူ့အမည်များအကြောင်းကို "ရွာတွင် မောင်လွင်၊ မန်းမောင်ထင်၊ ဘွဲ့တွင် ဝဇီရ၊ သုံးမည်ရပ်နှိုက်၊ ခေါ်သမိုက်၊ ကျော်လှိုက်သတင်းပ" ဟူ၍စပ်ဆိုခဲ့သည်။ ❖**

နေနွယ်ရှင့် စက်တော်လှုံလို၊ ထွက်ပေါ်ပုံ မရှိဘုရာ့လေး"ဟုရွတ်ဆိုရာ နားထောင်သူအပေါင်း အံ့ချီးဘနန်းဖြစ်ကြပြီး "ဦးပုညမရှိတဲ့နောက် ဒီစာမျိုးကြား ရတာ ပထမဆုံးပဲ"ဟုဆိုကာ မြို့ဝန်က ပုဆိုးအုပ်နှင့် ဝတ်ထားသည့်ခေါင်းပေါင်းကိုပါ ချီးမြှင့်ခဲ့သည်။ ထို့ပြင် မြင်းဘွဲ့လေးချိုးတစ်ပုဒ်ကိုလည်း ထပ်မံ၍ လက်တန်းစပ်ဆိုခဲ့သေးသည်။

**ရတနာပုံသတင်းစာသို့**

မန္တလေးမြို့ ရွှေကျီးမြင်ဘုရား၏ တောင်ဘက်မုခ်ပေါက်တည့်တည့်တွင် မင်းတုန်းမင်းအမိန့်ဖြင့် ပုံနှိပ်တိုက်တစ်ခုကို ထောင်ထားပြီး ၁၂၃၆ ခုနှစ် တန်ခူးလဆန်း ၇ ရက်ကစ၍ ရတနာပုံသတင်းစာကို ထုတ်ဝေခဲ့ကာ မြို့ဝန်တိုင်း နှစ်စဉ်ကြေးငွေပေးသွင်း၍ ဖတ်ရှုရသည်။ မြောင်လှမြို့စား ဝန်ထောက်မင်း ဦးခြိမ့်သည် ဘိုးဝဇီရကို ကင်းဝန်မင်းကြီးထံမှတစ်ဆင့် ရတနာပုံသတင်းစာတိုက်ရှိ အဟီးခေါ် နေမျိုးသီဝသိဒ္ဓိဘွဲ့ရ သံတော်ဆင့်ထံသို့ အပ်နှံပေးသည်။ သတင်းစာတိုက်တွင် အလုပ်ရလာသော ဘိုးဝဇီရသည် ဦးကြီး၊ ဖခင်ဖြစ်သူတို့ထံမှခွဲကာ သံတဲကျောင်းအတွင်းရှိ အိမ်တစ်ဆောင်တွင် စာအုပ်ကုန်သည် ကိုထွန်းဦး၊ အင်္ဂလိပ်စာဆရာ ကိုကွန်း၊ ကုန်သည်ကြီး မောင်ထင်၏ညီဖြစ်သူ ကိုအုံတို့နှင့် အတူနေသည်။ မိတ်ဆွေအပေါင်းအသင်းများထံက အင်္ဂလိပ်စကား၊ ကုလားစကား၊ ပုဏ္ဏားကသည်းစကားနှင့် ရှမ်းစကားများကို လေ့လာခဲ့သေးသည်။ ၁၂၃၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက်နေ့ထုတ် ရတနာပုံသတင်းစာကို အလုအယက်ဖတ်ရှုကြသည်။ အကြောင်းမှာ ဘိုးဝဇီရက မြို့တော်သားများသွားခဲ့သည့် တောပုဘုရားပွဲအကြောင်းကို အလင်္ကာဖြင့် ရေးသားထားသောကြောင့်ဖြစ်သည်။

**ဘိုးဝဇီရ၏ တောပုဘုရားပွဲလင်္ကာ**

၁၂၃၇ ခုနှစ် ဥတုနွေပြောင်း၊ ရွှေငှက်အသွင်၊ လေနက်နှင်၍၊ ကြွေရွက်ကျင်ညှောင်း ပါတဲ့၊ တပေါင်းခေါ်လေ့၊ ဒေါင်းနှင့်ယုန်ပျံ၊ ဘုံနဘံမှာ၊ ကြုံစံတွေ့သောကြောင့်၊ ကွယ်နေ့မည်ခေါ်၊ အရှည်အဆက်၊ တည်မပျက်သည့်၊ သည်ရက်ကျော်၌၊ ပြည်မွှန်ဝင်းပျို့၊ ဟံလင်းမြို့ဟု၊ မင်းတို့စံရာ၊ သမိုင်းတန်ဆောင်၊ တဂိုဏ်းထောင်တဲ့၊ တိုင်းအောင်ချာက၊ မကာသကတ်၊ တရာမတ်တို့၊ နာဂတ်ကြည့်ရှု၊ ရှည်စေယခေါင်၊ သည်မြေဘောင်မှာ၊ တည်ပေထောင်ပြုခဲ့သော၊ တခုနွတ္ထ၊ ပဝတ္တကြောင့်၊ လွတ်စွစံကွာ၊ လာကောင်းမချို့၊ သာပေါင်းကြို့တဲ့၊ မြို့မတ္တရာ၏၊ ဒီသာနောက်မြောက်၊ သွေယွန်းမယို၊ ရေဝန်းခိုသည့်၊ မြေကျွန်းညိုမောက်မှာမှ၊ ရောင်ခြောက်ထိန်ဝေ၊ ရိုန်မပြေသည်၊ အစိန္တေယျ၊ သုံးလူ့ဘ၏၊ ရည်သကိုယ်စား၊ "တောပု" မည်ခေါ်၊ မြတ်ဇိနော်သည်၊ ခါပွဲတော်ကြွားသောကြောင့်၊ စည်ကားဆန်းထွေ၊ ရွှေမန်းမြေက၊ ကြည်းရေ စုပေါင်းသွားကြသည့် အကြောင်းမှာ.....

**စာရေးတော်ခေါ် စာတည်း**

ကင်းဝန်မင်းကြီး၏အကူအညီဖြင့် ရတနာပုံသတင်းစာတွင် စာရေးတော်ခေါ်စာတည်းအဖြစ် တစ်လကို ငွေ ၁၅ ကျပ်နှင့် ခန့်ထားပေးလေသည်။ ဘုရင့်သတင်းစာတွင် ဝင်ရောက်ဆောင်ရွက်ရသောအခါ မောင်လွင်သည် မင်းတုန်းမင်း၏ ငယ်မည်နှင့် ဆင်တူဖြစ်နေသဖြင့် ကင်းဝန်မင်းကြီးက မောင်ထင်ဟု အမည်ပြောင်းပေးသည်။ သို့သော် ဝဇီရဟူသောအမည်ဖြင့် အခြားသူများက အခေါ်များလေသည်။ ထို့ကြောင့် ဘိုးဝဇီရကိုယ်တိုင်က သူ့အမည်များအကြောင်းကို "ရွာတွင် မောင်လွင်၊ မန်းမောင်ထင်၊ ဘွဲ့တွင်ဝဇီရ၊ သုံးမည်ရပ်နှိုက်၊ ခေါ်သမိုက်၊ ကျော်လှိုက်သတင်းပ"ဟူ၍ စပ်ဆိုခဲ့သည်။ ထိုစဉ်က ရတနာပုံသတင်းစာကို ကွပ်ကဲအုပ်ချုပ်လျက်ရှိသူမှာ ဘာသာခြောက်မျိုးတတ်သော တရုတ်-မြန်မာကပြား ဦးအဟီးဖြစ်သည်။ မောင်ထင်ရောက်လာသောအခါ စာပေအရေးအသားဘက်ကို တာဝန်ယူရလေသည်။ မောင်ထင်သည် ရတနာပုံသတင်းစာတွင် ဝင်ရောက်ဆောင်ရွက်ခွင့်ရသောအခါ မိမိလေ့လာဆည်းပူးခဲ့သော ပညာရပ်တို့ဖြင့် လက်စွမ်းပြလေသည်။

**သတင်းသမားဘဝ ကလောင်စွမ်းပြ**

သတင်းစာဆရာဘဝတွင်ရှိစဉ်က မောင်ထင်သည် မိမိ၏ကဗျာဉာဏ်စွမ်းဖြင့် သတင်းများကို ကန့်ကလျကာရန်နဘေများဖြင့် သီကုံးရေးသားခဲ့သောကြောင့် ရတနာပုံသတင်းစာသည် ထူးခြားထင်ရှားကာ လူကြိုက်များခဲ့လေသည်။ "နဂိုဖျော်ရင်း၊ စိန်သေမင်းကို၊ အိမ်နေရင်း မှောက်မှား၊ နှစ်ယောက်ဆင့်စားသောကြောင့်၊ အူယားလေပင့်၊ ငွေဇလပ်တာ၊ ရေပြင်ခါကို နေဟပ်လာသင့်သကဲ့သို့ ...." စသော စိန်စားသတင်း၊ မြင်းပေါ်ကျသတင်း၊ ဆွဲကြိုးချသတင်း၊ တောပုဘုရားပွဲသတင်း စသည်တို့မှာ ထင်ရှားလှပေသည်။ တောပုဘုရားပွဲသတင်းတွင် ထိုခေတ်က အမျိုးသမီး၏ ဝတ်စားဆင်ယင်မှုကို "နွဲ့နှောင်းညိုစင်၊ အပျိုခင်တို့၊ ဟိုခွင်တိုင်းဖြစ် လှိုင်းရစ်ဆန်းပုံ၊ ကွမ်းတုံစက်ချိတ်၊ ကွက်မိုတ်ကွက်လွှဲ၊ ဖက်ကဲရွှန်လျှံ၊ လွန်းပျံကိုက်ဆင့်၊ ဝိုက်နှင့်ဘလာ၊ ပြုချက်မှာ၊ သူ့ထက်ငါ၊ ညာမြေတောင်၊ ရှာဖွေဆောင်၊ သာလေအောင်၊ ဝတ်ထမီ၊ အင်္ကျီကငွေပွင့်ထိုး၊ ရွှေဆင့်ကြိုးနှစ်ထပ်လိမ်၊ နဂါးပတ်အိမ်သန္တာပေါက်၊ ဇာပြောက်က အဆန်းဆန်းနွဲ့" စသည်ဖြင့် ဖွဲ့နွဲ့ဖော်ပြထားလေသည်။

**မှာတမ်းကအစ စာကဗျာအစုံ**

မှာတမ်းဆိုသည်မှာ တစ်ဖက်သား၏ စိတ်နှလုံးကို ညွတ်နူးတိမ်းမက်စေလျက် မြတ်နိုးကြင်နာလာအောင် အောက်ကျို့ချော့မော့၍ ရေးသားသောစာဖြစ်သည်။ တစ်နည်းဆိုသော် တစ်ဦးအပေါ်တစ်ဦးက ရည်ငံစေရန်ပေးသောစာဖြစ်သည်။ မှာတမ်းကို စကားပြေရိုးရိုးဖြင့် ရေးသည်ထက် ဒွေးချိုး၊ လေးချိုး၊ သဖြန်စသည်တို့ဖြင့် ကာရန်ယူလျက် ရေးသားကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်တမ်းတလျက် နွမ်းလျနေသည့်သဘောမျိုး ပါဝင်သောစာမျိုးဖြစ်၍ မှာတမ်းဟုခေါ်ကြောင်းကို ကဗျာဗန္ဓသာရကျမ်းတွင် ဖော်ပြထားသည်။ ဘိုးဝဇီရသည် ပုဂ္ဂိုလ်ရေးရာ မှာတမ်းများစွာရေးခဲ့သည့်အပြင် မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး ကွယ်လွန်သွားသောအခါ နတ်ရွာလားစာတမ်းကိုလည်း ရေးခဲ့သည်။ ထို့ပြင် နဝဒေး၊ နတ်သျှင်နောင်တို့ကဲ့သို့ ရတုရေးတတ်ရဲ့လားဟု အမေးရှိသည့်အတွက် ရွှေကျီးမြင်ဘုရားတိုင်ရတုကိုလည်း ချက်ချင်းတစ်ခဏအတွင်း ရေးဖွဲ့ခဲ့သည်။

**သံတော်ဆင့်ဖြစ်ခွင့်မကြုံ**

သတင်းစာပရိသတ်တို့ကလည်း ရေးနှင့်မတူတစ်မူထူးခြားလာသော အရေးအသားတို့ကြောင့် သတင်းစာကို ပို၍အာရုံစိုက်လာကြသဖြင့် တစ်လလေးကြိမ်ထုတ် ရတနာပုံသတင်းစာစောင်ရေလည်း တိုးတက်လာလေသည်။ ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ဝန်ထောက်တော်မင်း ဦးခြိမ့်တို့ကလည်း အားပေးကြ၍ အရေးအသားကို ညွှန်ပြသင်ကြားပေးကြသည်။ မောင်ထင်၏ လက်စွမ်းသည် တစ်နေ့တခြား ထင်ပေါ်လာသဖြင့် တစ်လကို ငွေ ၁၅ ကျပ်စားအဖြစ်မှ ငွေကျပ် ၆၀ စားထိ တိုးမြှင့်ပေးသနားခြင်းခံရသည်။ မင်းတုန်းမင်းကြီးကိုယ်တိုင်ကလည်း သံတော်ဆင့်ရာထူးထိ တိုးမြှင့်ပေးရန် ရည်ရွယ်ထားလေသည်။ ၁၂၄၀ ပြည့်နှစ် နန်းတွင်းအရေးတော်ပုံ ရှုပ်ထွေးလာသောအခါ မောင်ထင်သည် လက်မောင်းတွင် အနာပေါက်သဖြင့် အလုပ်မှ ခေတ္တနုတ်ထွက်၍ ခင်မကန်တိုက်တွင် ဆရာတော်ရင်းထံ ပြန်၍နေသည်။ မင်းတုန်းမင်းတရား နတ်ရွာစံပြီးဖြစ်၍ သီပေါမင်းနန်းစံလေရာ မောင်ထင်သည်လည်း သတင်းစာတိုက်တွင် ဆက်လက်အမှုမထမ်းလိုတော့ဘဲ လူငယ်တို့ကို ကဗျာလင်္ကာပညာရပ်တို့ သင်ကြားပို့ချကာ မန္တလေးမှာပင် နေထိုင်လေသည်။ စာမျက်နှာ ၅ သို့

## ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၉၂၀၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၂၈၁၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စပါး ၁၂၉၂၀၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့ အတွက်ကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာ၌ သုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ ထိုင်းဘေးကျား စသည့်စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

**ရွာပြန်ပြီ**

သုံးနှစ်မျှကြာပြီးနောက် စစ်ကိုင်းမြို့နယ် ဆားတောင်မငါးရွာသို့ ပြန်နေသည်။ ဘိုးဝဇီရသည် ကျမ်းဂန်ဓမ္မသတ်တို့ကိုလည်း ကျွမ်းကျင်သဖြင့် ဆားတောင်ရွာတွင် စာပေပို့ချခြင်း၊ တရားဓမ္မသတ် ဆုံးဖြတ်ပေးခြင်း၊ မော်ကွန်းများ၊ မေတ္တာစာများရေးသားခြင်းဖြင့် နေထိုင်ခဲ့သည်။ အသက် ၃၆ နှစ်အရွယ်တွင် မကျီးဖြူရွာမှ ၁၈ နှစ်အရွယ်ရှိ မထိန်းနှင့်လက်ဆက်သည်။ သားဖြစ်သူ မောင်ကျင့်ကိုမွေးဖွားပြီးသောအခါ ဆားတောင်ရွာသို့ ပြန်ပြောင်းကာ ထိုရွာတွင်ပင်နေထိုင်၍ ဗေဒင်ဟောခြင်း၊ မှုခင်းကြီးငယ်တို့ကို ဆုံးဖြတ်ပေးခြင်း၊ မော်ကွန်းကျောက်စာရေးခြင်းဖြင့် အသက်မွေးခဲ့ရာ အသက် ၇၀ ကျော်ထိဖြစ်သည်။ ဘိုးဝဇီရတွင် မောင်ကျင့်၊ မောင်မြင့်နှင့် သမီးမကြီးဟူ၍ သားသမီးသုံးယောက်ရှိခဲ့သည်။ ဘိုးဝဇီရသည် အသက် ၈၀ ကျော်သည်ထိ စာပေအရပ်ရပ်ကို ဖတ်ရှုမှတ်သားခြင်း၊ ညဥ့်အခါစာပြန်ခြင်း၊ မှတ်စု၊ ပေစာ၊ ပုရပိုက်စာတို့ကို စုဆောင်းခြင်းပြုခဲ့ရာ ထင်းရှူးသေတ္တာ ငါးလုံးစာမျှရှိခဲ့သည်။ သို့သော် ထိုစာများမှာ ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးကုန်ကြသည်။

**အာဂုံဆောင်တဲ့ အာဂလူ**

ဘိုးဝဇီရသည် နန်းတွင်းတွင် ပညာရှိကြီးတစ်ဦး၊ လွှတ်တော်တရားသူကြီးတစ်ဦးအဖြစ် ရည်မှန်းချက်ရှိခဲ့သော်လည်း နန်းတွင်းအရှုပ်အထွေးများ၌ မရောယှက်လို၍ ရွာပြန်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဗြိတိသျှခေတ်တွင် ရန်ကုန်နှင့် မန္တလေးပုံနှိပ်တိုက်များက ခေါ်ယူကြသော်လည်း လူမျိုးခြားအကျိုးမဆောင်လိုသဖြင့် ငြင်းပယ်ခဲ့လေသည်။ ဘိုးဝဇီရသည် ပိဋကတ်ကျမ်းစာများ၊ သတ်ပုံကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဧချင်း၊ မော်ကွန်း၊ တေးထပ်၊ လေးချိုး၊ ရတုတို့ကိုလည်း အာဂုံဆောင်ထားနိုင်သည်။ ထို့ကြောင့်ပင် ဘိုးဝဇီရသည် မော်ကွန်း၊ ပျို့ စသည်တို့ကို တစ်ထိုင်တည်းနှင့် အစအဆုံးရေးစပ်နိုင်သဖြင့် ဘိုးဝဇီရ၏ စာပေဉာဏ်ရည်မှာ အံ့သြချီးကျူးလောက်ပါပေသည်။ အသက် ၈၀ ကျော်လျှင် ရဟန်းဘောင်တွင်ရှိနေကြသော သားနှစ်ပါးက ဆားတောင်မှ ကျောက်ပနန်းရွာသို့ခေါ်ယူထားသဖြင့် ဇနီးမောင်နှံနှစ်ဦးသည် သီလဆောက်တည်ကာ အေးချမ်းစွာနေထိုင်၍ ၁၂၉၈ ခုနှစ် တပေါင်းလတွင် မြန်မာရေးသတင်းစာဆရာနှင့် စာဆိုကြီးဘိုးဝဇီရသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂)**
- **မဟာဆွေ၏ ဘိုးဝဇီရ**
- **ပုဂံဝန်ထောက်မင်း ဦးတင်၏ ကဗျာဗန္ဓသာရကျမ်း**

## မီးဘေးအန္တရာယ် ကြိုကာကွယ်

\- ရွက်ဝါတွေ ကြွေကျလို့
နွေလတဲ့ ကြိုခဲ့ပြီ၊
နေရောင်ခြည် ဝတီးဖောက်ပြီး
ရှိန်တောက်ပူသည်၊
ငါတို့ရဲ့ မြန်မာပြည်
ကဗျာသီကာ သတိပေး၊
မီးအန္တရာယ် မလျော့ကျသမို့
မပေါ့ဆဖို့အရေး။

\- ခြံတွင်းပြင် သိမ်းထုပ်ပေးပါတော့
ရှုပ်ထွေးတဲ့ အမှိုက်တွေ၊
ဂက်စ်မီးဖို အစုစုကိုလည်း
ဂရုပြုပါ အဆွေ၊
လျှပ်စစ်ကြိုးနဲ့ ပလတ်ထွေထွေ
မပြတ်စေအောင် ပြန်စစ်ပေး၊
မီးသွေးဖို အစုလိုက်ကိုလည်း
ဂရုစိုက်လို့မွှေး။

\- မီးချိတ်ပါ မီးကပ်နံဘေး
မပြတ်တွေးလို့ အသင့်ပြင်လေ၊
သဲနဲ့ရေ တန်ဖိုးမမေ့
အိုးပြည့်ဖို့ပေ၊
မီးလှေကား အသင့်ခြေ
မလင့်စေနဲ့ တို့သတိ၊
မီးဘေးရှောင် မလောင်ခင်က
အစဉ်တားရာဘိ။

\- တို့တစ်တွေ ညီညာအသိနဲ့
ပြည်မြန်မာ၏ ဘေးကာကွယ်၊
မီးကြောင့်လျှင် အဆွေးမခ
ဘေးပဖို့ရွယ်၊
ဘိုးဘွားနဲ့ ကလေးငယ်
ပေးမလွယ်နဲ့ မီးစပွား၊
မီးသတိကိုဖြင့်
စည်းရှိစွာ ကိုယ်စီကိန်းပါမှ
တို့မြန်မာ ပဟိုရ်စည်ဟိန်းပါလို့
အိုကွယ်..
ငြိမ်းလိမ့်မယ်တကား။ ။

**လွမ်းလေးကို(သရက်)**

ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## နိုင်ငံတကာ သတင်းများ

# အီရန်စစ်ရေးပဋိပက္ခ တစ်လထိကြာနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



ဝါရှင်တန် မတ် ၂

လက်ရှိဖြစ်ပွားနေသည့် အီရန်စစ်ရေးပဋိပက္ခသည် တစ်လထိကြာမြင့်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၁ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်နိုင်ငံကို စစ်ရေးအရစတင်တိုက်ခိုက်ခဲ့ရာ အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ အပါအဝင် အီရန်ခေါင်းဆောင်အများအပြား သေဆုံးခဲ့ကြသည်။

လက်ရှိဖြစ်ပွားနေသည့် အီရန်စစ်ရေးပဋိပက္ခမှာ ရက်သတ္တလေးပတ်ထိ ကြာမြင့်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗြိတိန်အခြေစိုက် သည်ဒေးလီးမေးလ်သတင်းစာသို့ ထုတ်ဖော်ပြောကြားထားသည်။

အီရန် တော်လှန်ရေးအစောင့်တပ်၏ ဌာနချုပ်အဆောက်အအုံကို အမေရိကန်နှင့် အစ္စရေးတို့က တိုက်ခိုက် ဖျက်ဆီးခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် စစ်လေယာဉ်များနှင့် စစ်သင်္ဘောများသည် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်ထိ နှစ်ရက်တာကာလအတွင်း အီရန်စစ်ရေးပစ်မှတ် ၁၀၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်ခိုက်ရာတွင် အီရန်နျူကလီးယားအဆောက်အအုံများကို ဘီ-၂ လေယာဉ်များဖြင့် ပေါင် ၂၀၀၀ ဗုံးများကြဲချတိုက်ခိုက်မှုလည်း ပါဝင်ကြောင်း သိရသည်။

အီရန်၏လက်တုံ့ပြန်တိုက်ခိုက်မှုများအတွင်း ကူဝိတ်နိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခုမှ တပ်ဖွဲ့ဝင်သုံးဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်တပ်မတော်က အတည်ပြုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို အစ္စရေးတိုက်ခိုက်

ဂျေရုဆလင် မတ် ၂

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု၏ ဒုံးကျည်တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးလေတပ်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ကို ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံကို ပူးတွဲစစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးနိုင်ငံတောင်ပိုင်းကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စုသည် အီရန်နိုင်ငံ၏ အဓိကမဟာမိတ် ရှီးပရိုက်စ်လက်နက်ကိုင်အုပ်စု ဖြစ်ကြောင်း သိရသည်။

ယနေ့ ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို စတင်တိုက်ခိုက်နေပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အီရန်ကို တိုက်ခိုက်ပြီးနောက် ထပ်မံပေါ်ထွက်လာနိုင်သည့် စစ်မျက်နှာသစ် အားလုံးအတွက် အသင့်ပြင်ထားကြောင်း အစ္စရေးတပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား ယနေ့ တိုက်ခိုက်မှုများသည် အီရန်စစ်ရေးပဋိပက္ခ ကျယ်ပြန့်လာမှုကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အီရန် စစ်ရေးပဋိပက္ခကြောင့် အာရှနိုင်ငံများသို့ ရေနံဝင်ရောက်မှုအဆက်ပြတ်လာ

ဒေလီ မတ် ၂

ပိုမိုကျယ်ပြန့်လာသည့် အီရန်စစ်ရေးပဋိပက္ခကြောင့် အာရှနိုင်ငံအများအပြားသို့ ရေနံဝင်ရောက်မှုများ ပြတ်တောက်နေကြောင်း ရေနံသယ်ယူပို့ဆောင်ရေး သတင်းအရင်းအမြစ်များက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အာရှနိုင်ငံများသို့ ရေနံဝင်ရောက်မှု အဆက်ပြတ်လာခြင်းကြောင့် ရေနံဈေးနှုန်းများမြင့်တက်လာနိုင်ကြောင်း လေ့လာသူများက သတိပေးထားသည်။

ထို့ပြင် အီရန်စစ်ရေးပဋိပက္ခကာလအတွင်း အာရှနိုင်ငံများသို့ ဦးတည်သွားရောက်မည့် ရေနံတင်သင်္ဘောများမှာ အရှေ့အလယ်ပိုင်းဒေသ ပင်လယ်ကွေ့ရေပြင်အတွင်း ပိတ်မိနေကြရာ ရေနံသယ်ယူပို့ဆောင်ရေး စရိတ်စကများလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ ရေနံသုံးစွဲမှုအများဆုံးဒေသဖြစ်သည့် အာရှဒေသသည် ၎င်း၏ရေနံလိုအပ်ချက် ၆၀ ရာခိုင်နှုန်းအတွက် အရှေ့အလယ်ပိုင်းဒေသရေနံများကိုမှီခိုနေရသည်။

အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကပြုလုပ်ခဲ့သော တိုက်ခိုက်မှုများကြောင့် မတ် ၁ ရက်တွင် ရေနံတင်သင်္ဘောသုံးစီးပျက်စီးခဲ့ပြီး သင်္ဘောသားတစ်ဦး သေဆုံးခဲ့သည်။

တစ်ချိန်တည်းမှာပင် ရေနံတင်သင်္ဘောအစီး ၂၀၀ ခန့်တို့မှာလည်း ဘေးအန္တရာယ်ကိုရှောင်ရှားရေးအတွက် ဟော်မုဇ်ရေလက်ကြားအနီးတွင် ကျောက်ချရပ်နားထားရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မော်ရိုကိုကမ်းလွန်၌ ကုန်တင်သင်္ဘောနစ်မြုပ်

ရာဘတ် မတ် ၂

မော်ရိုကိုနိုင်ငံ အနောက်ဆာဟာရပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ ပနားမားနိုင်ငံမှတ်ပုံတင်ကုန်တင်သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ကြောင်း မော်ရိုကိုသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒူရာဘော့စ် ကုန်တင်သင်္ဘောသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း မော်ရိုကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒူရာဘော့စ် ကုန်တင်သင်္ဘောသည် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းသုံး ကုန်ကြမ်းတစ်မျိုး သယ်ဆောင်ထားကြောင်း မော်ရိုကိုတာဝန်ရှိသူများက ပြောကြားထားသည်။

ယင်း ကုန်တင်သင်္ဘောသည် အနောက်ဆာဟာရပြည်နယ် လာယောင်းဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာစဉ် ရေဝင်ရောက်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရကြောင်း မော်ရိုကိုတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဒူရာဘော့စ် ကုန်တင်သင်္ဘောပေါ်၌ လိုက်ပါလာသူ ရေယာဉ်ဝန်ထမ်းအားလုံးကို မော်ရိုကိုတာဝန်ရှိသူများက ကယ်တင်နိုင်ခဲ့သည်။

ကယ်တင်နိုင်ခဲ့သည့် ရေယာဉ်ဝန်ထမ်းအားလုံးမှာ နိုင်ငံခြားသားများဖြစ်ကြသည်ဟု မော်ရိုကိုတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်းထုတ်လုပ်မှုစက်ရုံပေါက်ကွဲ လူ ၁၇ ဦးသေဆုံး၍ ၁၈ ဦးဒဏ်ရာရ



ဒေလီ မတ် ၂

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်ခြာပြည်နယ်ရှိ ဖောက်ခွဲရေးပစ္စည်း ထုတ်လုပ်မှုစက်ရုံတစ်ရုံ၌ မတ် ၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦးသေဆုံး၍ ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် စက်ရုံမှာ မဟာရက်ရှ်ခြာပြည်နယ် နာဂပူရ်မြို့၌တည်ရှိကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိ စက်ရုံပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ဟု အိန္ဒိယမီဒီယာများက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် ဖောက်ခွဲရေးပစ္စည်းထုတ်လုပ်မှုစက်ရုံ ပေါက်ကွဲမှု နောက်ခံအကြောင်းရင်းကို စတင်စုံစမ်း စစ်ဆေးနေပြီဖြစ်ကြောင်း မဟာရက်ရှ်ခြာပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်ကလည်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မီးရှူးမီးပန်းစက်ရုံတစ်ရုံပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၂၈ ဦး သေဆုံးခဲ့သဖြင့် အိန္ဒိယနိုင်ငံ၌ စက်မှုလုပ်ငန်းမတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၇ ခုနှစ်အတွင်း လပေါ်သို့ လူသားများစေလွှတ်မည့်အစီအစဉ် နာဆာဖျက်သိမ်း



**ဝါရှင်တန် မတ် ၂**

၂၀၂၇ ခုနှစ်အတွင်း လပေါ်သို့ လူသားများစေလွှတ်မည့်အစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖျက်သိမ်းထားကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အားတီးမစ်-၂ မစ်ရှင်ကို လွှတ်တင်ရေးအတွက် ရုန်းကန်နေရချိန်တွင် အားတီးမစ်-၃ မစ်ရှင်ဖြင့် လမ္ဘာပေါ်သို့ လူသားများ စေလွှတ်မည့်အစီအစဉ်ကို နာဆာက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်ကို လာမည့် ဧပြီလအတွင်း အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပါက ၂၀၂၇ ခုနှစ်တွင်အားတီးမစ်- ၃ မစ်ရှင်ဖြင့် လပေါ်သို့ လူသားများစေလွှတ်ရန် နာဆာကမူလတွင် စီစဉ်ထားခဲ့သည်။

သို့ရာတွင် ပြင်ဆင်ပြောင်းလဲလိုက်သည့် အစီအစဉ်များအရ အားတီးမစ်-၃ မစ်ရှင်ဖြင့် ၂၀၂၇ ခုနှစ်တွင် လပေါ်သို့ လူသားများ စေလွှတ်မည့်အစား အားတီးမစ်-၄ မစ်ရှင်သစ်ဖြင့် ၂၀၂၈ ခုနှစ်တွင် စေလွှတ်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်တွင် လူသားများကို လကမ္ဘာပေါ် စေလွှတ်မည့်အစား အားတီးမစ်-၂ မစ်ရှင်ကဲ့သို့ပင် လကမ္ဘာအနီးထိသာ ပို့ဆောင်ပေးမည်ဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ ဧပြီလအတွင်း အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နာဆာ၏ ESCAPADE မစ်ရှင် အာကာသယာဉ်များက အင်္ဂါဂြိုဟ်သို့ ပျံသန်းနေစဉ်အတွင်း အာကာသရာသီဥတုလေ့လာမှုများပြုလုပ်ရန် ပြင်ဆင်နေ

**ဝါရှင်တန် မတ် ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE မစ်ရှင် အာကာသယာဉ်များသည် အင်္ဂါဂြိုဟ်သို့ ပျံသန်းနေစဉ်အတွင်း အာကာသရာသီဥတုလေ့လာမှုများ ပြုလုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



ကမ္ဘာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်ကြား ခရီးလမ်းတစ်လျှောက်တွင် အာကာသရာသီဥတု လေ့လာမှုများပြုလုပ်ရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်တွင် စူးစမ်းလေ့လာရေးစနစ်များ စဖွင့်လိုက်ပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ESCAPADE မစ်ရှင် အာကာသယာဉ်များသည် ကမ္ဘာမြေအနီး တစ်ဝိုက်နှင့် အင်္ဂါဂြိုဟ်သို့ ပျံသန်းရာ လမ်းကြောင်းတစ်လျှောက် အာကာသရာသီဥတု အခြေအနေများကို အဓိကထားလေ့လာမည်ဖြစ်ကြောင်း နာဆာ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်ဖြစ်သည့် ES-CAPADE မစ်ရှင်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် ပတ်လမ်းပေါ်သို့ ရောက်ရှိလာချိန်တွင် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်လေထုလွှာကို လေ့လာမည်ဖြစ်သည်။

ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ၂၀၂၈ ခုနှစ် နှစ်လယ်ပိုင်းတွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း စတင်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ပျံသန်းနိုင်သော ရှေးဦးတွားသွားသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်း ဥပေါင်း ၂၁၅ လုံးကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

**ပေကျင်း မတ် ၂**

ပျံသန်းနိုင်သော ရှေးဦး တွားသွားသတ္တဝါ တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်း ဥပေါင်း၂၁၅ လုံးကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ဥများသည် Hamipterus Tian-shanensis ခေါ် တွားသွားသတ္တဝါတစ်မျိုး၏ ဥများဖြစ်ကြကြောင်း တရုတ် သိပ္ပံပညာအကယ်ဒမီမှ သိပ္ပံပညာရှင်များက ပြောကြားထားသည်။

Hamipterus Tianshanensis ကျောက်ဖြစ်ရုပ်ကြွင်း ဥများ၏ သက်တမ်းမှာ နှစ်ပေါင်း သန်း ၁၂၀ ထိရှိနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော Hamipterus Tianshanensis ကျောက်ဖြစ်ရုပ်ကြွင်းဥအရေအတွက်မှာ ၂၁၅ လုံးထိရှိပြီး နေရာတစ်ခုတည်းမှာပင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

Hamipterus Tianshanensis ကျောက်ဖြစ် ရုပ်ကြွင်းများသည် တာရိုဆောရပ်စ်အုပ်စုဝင် ပျံသန်းနိုင်သည့် တွားသွားသတ္တဝါများ ဖြစ်ကြသည်။

တာရိုဆောရပ်စ်အုပ်စုဝင် ရှေးဦးသက်ရှိများသည် ခရီတေးစီးယပ် ဘူမိခေတ်အတွင်း ယနေ့ခေတ် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ရှင်သန်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဟင်းသီးဟင်းရွက် အဓိကစားသုံးသူများ၌ ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေ နည်းပါးသော်လည်း အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် မတ် ၂**

ဟင်းသီးဟင်းရွက် အဓိကစားသုံးသူများ၌ ကင်ဆာရောဂါတချို့ ဖြစ်နိုင်ခြေနည်းပါးသော်လည်း အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသားစားသုံးမှုနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု အပါအဝင် ခါတ်စာပုံစံငါးမျိုးနှင့် ကင်ဆာရောဂါ ၁၇ မျိုးတို့ကြား ဆက်စပ်မှုကို လေ့လာဆန်းစစ်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဟင်းသီးဟင်းရွက် အဓိကစားသုံးသူများတွင် ပန်ကရိယကင်ဆာ၊ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ ဖြစ်နိုင်ခြေများ ပိုမှန်ထက်နည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဟင်းသီးဟင်းရွက် အဓိကစားသုံးသူများသည် အသားအဓိကစားသုံးသူများနှင့် နှိုင်းယှဉ်ပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်း ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် အသားစားသုံးမှု လျှော့ချခြင်းတွင်လည်း ကောင်းကျိုးများရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကော်လဂျင်ဖြည့်စွက်ဆေးများက ပါးရေနားရေတွန့်မှုကို မဟန့်တားနိုင်

**လန်ဒန် မတ် ၂**

ကော်လဂျင်(Collagen) ဖြည့်စွက်ဆေးများသည် အရေပြားကျန်းမာရေးကိုအထောက်အကူပြုနိုင်သော်လည်း ပါးရေနားရေတွန့်မှုကို မဟန့်တားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကော်လဂျင်သည် လူ့ကိုယ်ခန္ဓာအတွင်း သဘာဝအလျောက် ပေါ်ထွက်လာတတ်သည့် ပရိုတင်းတစ်မျိုးဖြစ်ပြီး အရေပြား၊ ခြေသည်းလက်သည်း၊ အရိုးများ၊ ချိတ်ဆက်တစ်ရှူးများကို အားဖြည့်ပေးသော ပရိုတင်းဖြစ်သည်။

သို့ရာတွင် ၎င်းပရိုတင်းသည် အသက်အရွယ် ကြီးလာသည်နှင့်အတူ ပေါ်ထွက်မှုကျဆင်းလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

ဗြိတိန်နိုင်ငံ အင်ဂျလီယာရပ်စကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကော်လဂျင် ဖြည့်စွက်ဆေးများ ရေရှည်သုံးစွဲမှုသည် အရေပြားတင်းအားကို မြှင့်တင်ပေးနိုင်ပြီး အဆစ်အမျက်ရောင် ရောဂါလက္ခဏာများကိုလည်း လျှော့ချပေးနိုင်ကြောင်း၊ သို့ရာတွင် ၎င်းဆေးများသည် အရေပြားထိန်းသိမ်းရေးအတွက် အကျိုးပြုသော်လည်း ပါးရေနားရေတွန့်မှု ပြဿနာအတွက် အဖြေမဟုတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၈၀၀၀ ထိ ပါဝင်သည့် လက်တွေ့စမ်းသပ်မှု ၁၀၀ ကျော်တို့မှ ရရှိသောအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# IBF ၊ WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်နှစ်ခုကို နာဗာရက်တီ ဆွတ်ခူး

**အရီဇိုးနား မတ် ၂**

မက္ကဆီကို လက်ဝှေ့သမားများ ဖြစ်ကြသည့် WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ နာဗာရက်တီနှင့် IBF စူပါဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ နူနက်ဇ်တို့ မတ် ၁ ရက်တွင် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နာဗာရက်တီက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက္ကဆီကို လက်ဝှေ့သမားနှစ်ဦး၏ စိန်ခေါ်ပွဲသည် အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ၁၁ ချီမြောက်တွင် နာဗာရက်တီက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ခါးပတ်နှစ်ခု၏ ချန်ပီယံဖြစ်လာခဲ့ပြီးနောက် နာဗာရက်တီက စူပါဖယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်လာစေရေးအတွက် အခြားသောချန်ပီယံများကို စိန်ခေါ်မည်ဖြစ်ကြောင်း သိရသည်။

နာဗာရက်တီက "ပြိုင်ဘက်ကစားသမား အခုလို နာကျင်စွာနဲ့ လဲကျသွားတာကို မြင်ရတာ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမဲ့ နှစ်ဦးစလုံးက အနိုင်ရလဒ်အတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြပါတယ်။ ခက်ခဲတဲ့ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ရတဲ့အတွက် ကျွန်တော့်မှာလဲ အခက်အခဲတချို့နဲ့ ရင်ဆိုင်ခဲ့ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL



# ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီး မျက်လုံးဒဏ်ရာကြောင့် အေတီကိုအသင်းနှင့် ပွဲစဉ်ကိုလွဲချော်မည်

**ဘာစီလိုနာ မတ် ၂**

ဖေဖော်ဝါရီ ၂၈ ရက်က ကစားခဲ့သည့် ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီး မျက်လုံးဒဏ်ရာရရှိခဲ့သောကြောင့် လာမည့် မတ် ၄ ရက်တွင် ကိုပါဒယ်ရေးဖလားပွဲစဉ်ဖြစ်သည့် အေတီကိုအသင်းနှင့် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဝမ်ဒေါ့စကီးသည် ဗီလာရီးရဲလ်အသင်းနှင့် ပွဲစဉ်တွင် ဒုတိယပိုင်း ပွဲချိန် ၆၇ မိနစ်မှ အသင်းဖော် ဖာရန်တောရက်စ်နှင့် လူစားဝင်ကာ အသင်းတိုက်စစ်ပိုင်းကိုအကောင်းဆုံးဦးဆောင်ခဲ့သဖြင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် အသင်းအတွက် စတုတ္ထမြောက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ဘယ်ဘက်မျက်လုံးထိခိုက်မှုရှိခဲ့၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း အသင်းဆရာဝန်က ၄၈ နာရီအတွင်း ဘောလုံးမကစားရန် တားမြစ်ထားသောကြောင့် အေတီကို အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပထမအကျော့တွင် အေတီကိုအသင်းအိမ်ကွင်း၌ လေးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် လာမည့်ဘာစီလိုနာအသင်း အိမ်ကွင်းပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရမှသာ ဗိုလ်လုပွဲ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲကျန်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို အနိုင်ရ



**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲကျန်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၁၄ မိနစ်တွင် ဟီရိုတာက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၄ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ပွဲချိန် မိနစ် ၆၀ နှင့် ၈၃ မိနစ်တွင် ဘာကာယိုကို၊ ပွဲချိန် ၆၆ မိနစ်တွင် စအောင်ပြည့်ကို၊ ပွဲချိန် ၇၉ မိနစ်တွင် သူရိန်ထွန်းတို့က ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများအသီးသီးသွင်းယူခဲ့ကြပြီး ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက် အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ၁၉ပွဲကစားပြီးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ ပြန်လည် တက်ရောက်နိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းကလည်း ရမှတ် ၄၈ မှတ်ဖြင့် အဆင့်(၂)နေရာမှ ချန်ပီယံဆုအတွက် ဖိအားပေးလျက် ရှိနေကြောင်း သိရသည်။

STA

# လူစားလဲခံရသည့်ကစားသမားများ ကွင်းအတွင်းမှ ၁၀ စက္ကန့်အတွင်း ထွက်ခွာရမည့်စည်းမျဉ်းကို လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်စတင်အသုံးပြုမည်

**ဇူးရစ်ချ် မတ် ၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူစားလဲခံရသည့် ကစားသမားများအနေဖြင့် ကွင်းအတွင်းမှ ၁၀ စက္ကန့်အတွင်းထွက်ခွာရမည့်စည်းမျဉ်းသစ်ကို စတင်အသုံးပြုမည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နောက်ပိုင်းနှစ်များတွင် ဘောလုံးပွဲစဉ်များ၌ အချိန်ဖြုန်းတီးမှုကို လျှော့ကျစေရန် စည်းမျဉ်းသစ်များ ထုတ်ပြန်အသုံးပြုနေပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ဂိုးသမားများ ဘောလုံးလက်ခံရရှိချိန်၊ ကစားသမားများ လက်ပစ်ဘောမြှောက်ရသည့် အချိန်များကိုလည်း ကန့်သတ်မှုများလုပ်ဆောင်ခဲ့ပြီးနောက် ယခုအခါတွင်လည်း လူစားလဲမည့် စည်းမျဉ်းသစ်ကို စတင်အသုံးပြုမည်ဖြစ်သည်။

လက်ရှိတွင် နိုင်ငံလက်ရွေးစင်အသင်း သို့မဟုတ် ကလပ်အသင်းများအနေဖြင့် အနိုင်ရရှိနေသည့်အချိန်တွင် ပွဲချိန်ကိုဖြုန်းတီးရန် လူစားလဲမှုများကို လုပ်ဆောင်နေပြီး လူစားလဲခံရသည့်ကစားသမားများ ကွင်းအတွင်းမှ ထွက်ခွာချိန်ကို အချိန်ကန့်သတ်ထားခြင်းမရှိသည့်အတွက် ယခုအခါ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူစားလဲခံရသည့် ကစားသမားများအနေဖြင့် ၁၀ စက္ကန့်အတွင်း ကွင်းအတွင်းမှ ထွက်ခွာရန် စည်းမျဉ်းသစ်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စည်းမျဉ်းသစ်အရ အသင်းတစ်သင်းမှ လူစားလဲခံရသည့် ကစားသမားတစ်ဦးအနေဖြင့် ကွင်းအတွင်းမှ ၁၀ စက္ကန့်အတွင်း မထွက်ခွာခဲ့ပါက လူစားဝင်လာမည့်ကစားသမားကို ချက်ချင်းကွင်းအတွင်းဝင်စေမည်မဟုတ်ဘဲ ကွင်းပြင်ပတွင် တစ်မိနစ်ကြာစောင့်ဆိုင်းပြီး ပြိုင်ဘက်အသင်းကို တစ်မိနစ်အတွင်း ကစားသမားတစ်ဦးလျှော့နှင့် ရင်ဆိုင်စေရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ရက်ဒ်ဘူးလ်အုပ်စု၏အကြီးအကဲရာထူးမှ နုတ်ထွက်ရန်နီးစပ်နေသည့် ကလော့ပ် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ဖွယ်ရှိနေ

**ဘာလင် မတ် ၂**

လီဗာပူးအသင်းနည်းပြဟောင်း ကလော့ပ်သည် ရက်ဒ်ဘူးအုပ်စု၏ အကြီးအကဲရာထူးမှ နုတ်ထွက်ရန် နီးစပ်နေပြီး နည်းပြလောကသို့ ပြန်လည် ဝင်ရောက်လာဖွယ်ရှိနေကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြကလော့ပ်သည် လီဗာပူးအသင်းကို ၂၀၁၅ ခုနှစ်မှ စတင် တာဝန်ယူကိုင်တွယ်ခဲ့ရာ ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလား အပါအဝင် ဆုဖလားများစွာဆွတ်ခူးပေးခဲ့ပြီး အသင်းကို ဥရောပတွင် ထိပ်တန်းအသင်း တစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြကလော့ပ်သည် ၂၀၂၄ ခုနှစ်က လီဗာပူးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ရက်ဒ်ဘူးလ်အုပ်စုတွင် အကြီးအကဲရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ရန်အတွက် အကြီးအကဲရာထူးမှ နုတ်ထွက်ရန် နီးစပ်နေကြောင်း သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။



အစောပိုင်းကတည်းက နည်းပြကလော့ပ်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး အသင်းဟောင်း လီဗာပူးအသင်းကလည်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် နည်းပြစလော့ကို ရာထူးမှထုတ်ပယ်ပြီး ကလော့ပ်ကို ပြန်လည်ခန့်အပ်ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုလံဘီယာဂေါက်သီးရိုက်ကစားသမား အီချာဗာရီယာ ဆွတ်ခူး



**ဖလော်ရီဒါ မတ် ၂**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပခဲ့သည့် Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကိုလံဘီယာဂေါက်သီးရိုက်ကစားသမား အီချာဗာရီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

နောက်ဆုံးနေ့ထိ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရန်နီးစပ်ခဲ့ကြသည့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ရှိန်းလောရီ၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် တေလာမိုး၊ စမွတ်တာမန်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်ခဲ့ကြပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ကက်စတယ်လိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

အီချာဗာရီယာက "ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ဒီပြိုင်ပွဲမှာ ထူးခြားတာက ရလဒ်ပိုင်းအားနည်းခဲ့တဲ့ ပြိုင်ပွဲဝင်တွေက တစ်လျှောက်လုံး အားနည်းခဲ့တယ်။ ရလဒ်ကောင်းတဲ့ ပြိုင်ပွဲဝင်တွေကလဲ တောက်လျှောက်ကို ကောင်းခဲ့ပါတယ်။ ကျွန်တော်လဲ ဒီပြိုင်ပွဲမှာတော့ ရလဒ်ကောင်းတဲ့အဖွဲ့ထဲမှာ ပါနိုင်ခဲ့ပါတယ်။ နောက်ဆုံးကျင်းထိ ယှဉ်ပြိုင်ခဲ့ရပြီးမှ ချန်ပီယံ အဖြေထွက်ခဲ့တာ တကယ့်ကိုမှ ရင်ခုန်စိတ်လှုပ်ရှားစရာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today
Trs : AZL

# ဘာရာဇီးအသင်းတွင် ရွေးချယ်ခံရရန် လိုင်ယွန်အသင်းမှ အန်းဒရစ် ရုန်းကန်နေရ

**လိုင်ယွန် မတ် ၂**

ရီးရဲလ်မက်ဒရစ် အသင်းမှ လိုင်ယွန်အသင်းထံ အငှားချထားသည့် အန်းဒရစ်သည် အသင်းတွင် ခြေစွမ်းပြ ကစားနိုင်သော်လည်း ၎င်းအနေဖြင့် နည်းပြအန်ဆယ်လော့တီ၏ ဘာရာဇီးအသင်းတွင် ရွေးချယ်ခံရရန် ရုန်းကန်နေရဆဲဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြအန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်ကို တာဝန်ယူခဲ့သည့် နောက်ဆုံးဘောလုံးရာသီတွင် အန်းဒရစ်၏စွမ်းဆောင်ရည်ကို သိရှိထားသူဖြစ်သော်လည်း ကစားသမားအနေဖြင့် အမ်ဘာပီ၊ ရိုဒရီဂို၊ ဗီနီစီးယက်စ်တို့ နောက်တွင်သာ ပွဲကစားခွင့်ရခဲ့ပြီး ၎င်းကို ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့်ရလိုပါက ပွဲကစားချိန်ပိုမိုရရှိရန် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမှသာ အဆင်ပြေနိုင်မည်ဟု ပုဂ္ဂိုလ်ရေးအရ အကြံပေးခဲ့သူဖြစ်သည်။

ထို့နောက် အန်းဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်း ပွဲကစားခွင့်နည်းခဲ့သဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဘာရာဇီးအသင်းနှင့်အတူ ပါဝင်ခွင့်ရရန်မဖြစ်နိုင်သောကြောင့် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ပွဲကစားခွင့် ပိုမိုရရှိမည့် လိုင်ယွန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့၍ ကမ္ဘာ့ဖလားပြိုင်ပွဲကစားခွင့် ရရှိရန်ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

အန်းဒရစ်သည် လိုင်ယွန်အသင်းတွင် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင် သွင်းဂိုး ခြောက်ဂိုးထိသွင်းယူနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပါမီးယက်စ်အသင်းတွင် ကစားခဲ့သည့် ခြေစွမ်းမျိုး ပြန်လည်မရသေး၍ ဘာရာဇီးအသင်းတွင် ရွေးချယ်ခံရရန် ရုန်းကန်နေရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML



# Indian Wells တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကာဇက်စတန်အဆင့်(၁)တင်းနစ်မယ် ရိုင်ဘာကီနာတို့ ပါဝင်ယှဉ်ပြိုင်မည်

**ကယ်လီဖိုးနီးယား မတ် ၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပမည့် Indian Wells တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကာဇက်စတန် အဆင့်(၁) တင်းနစ်မယ် ရိုင်ဘာကီနာတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း Tennis World USA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် တင်းနစ်ရာသီတွင် အကောင်းဆုံးပုံစံများရှိနေသည့် ဆာဘာလင်ကာနှင့် ရိုင်ဘာကီနာတို့သည် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ပြိုင်ပွဲဝင်နှစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရပြီး Indian Wells တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

ဂရန်းစလန်းဆုဖလား ၁၈ လုံးထိ ဆွတ်ခူးထားသော အမေရိကန် ဂန္ထဝင်တင်းနစ်မယ် မာတီနာက Indian Wells တင်းနစ်ပြိုင်ပွဲတွင် ဆာဘာလင်ကာနှင့် ရိုင်ဘာကီနာတို့ကသာ ဗိုလ်စွဲနိုင်ခြေများနေကြောင်း သုံးသပ်ပြောကြားခဲ့သည်။

မာတီနာက "Indian Wells တင်းနစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခြေများနေတဲ့ ပြိုင်ပွဲဝင်တွေကတော့ ဆာဘာလင်ကာနဲ့ ရိုင်ဘာကီနာတို့ပဲ ဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်ရဲ့ ရာသီအစပိုင်းမှာ သူတို့နှစ်ဦးရဲ့ စွမ်းဆောင်ရည်တွေကို ကြည့်မယ်ဆိုရင် ပြိုင်ဘက်တိုင်းကို အသာစီးရယူနိုင်မဲ့ စွမ်းဆောင်ရည်မျိုးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World
Trs : AZL

# ကာတာနိုင်ငံတွင် Finalissima ဗိုလ်လုပွဲစဉ်ကျင်းပရန် ယာယီရွှေ့ဆိုင်း

**ဒိုဟာ မတ် ၂**

ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်တို့က ကာတာနိုင်ငံတွင်ကျင်းပမည့် Finalissima ဗိုလ်လုပွဲစဉ်ကို ယာယီရွှေ့ဆိုင်းခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက Finalissima ဗိုလ်လုပွဲစဉ်ကို ယခုလအတွင်း ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပရန် သတ်မှတ်ထားသော်လည်း လက်ရှိ ကာတာနိုင်ငံတွင် အမေရိကန်၊ အစ္စရေး၊ အီရန်နိုင်ငံတို့ကြား စစ်ရေးတင်းမာမှုများရှိနေပြီး လုံခြုံရေးအရ စိတ်ချရခြင်းမရှိသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်တို့က Finalissima ဗိုလ်လုပွဲစဉ်ကို ယာယီရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

Finalissima ဗိုလ်လုပွဲစဉ်သည် ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ယူရိုဖလားချန်ပီယံအသင်းနှင့် ကိုပါအမေရိက ဖလားချန်ပီယံအသင်းတို့ ယှဉ်ပြိုင်သည့်ပွဲစဉ်ဖြစ်ပြီး ၂၀၂၂ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ကာ ပထမဆုံးကျင်းပခဲ့သည့် အကြိမ်တွင် အာဂျင်တီးနားအသင်းက အီတလီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည်။

အလားတူ လာမည့် Finalissima ဗိုလ်လုပွဲစဉ်ကိုလည်း ကိုပါအမေရိကဖလားချန်ပီယံ အာဂျင်တီးနားအသင်းနှင့် ယူရိုဖလားချန်ပီယံ စပိန်အသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိတွင် ယာယီရွှေ့ဆိုင်းကြောင်း ကြေညာခဲ့သော်လည်း မည်သည့်အချိန်၊ မည်သည့်နိုင်ငံတွင် ကျင်းပမည်ကို မထုတ်ပြန်သေးကြောင်း သိရသည်။

Ref : One Football
Trs : STA

# မန်စီးတီးအသင်းက လာမည့်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းမှ လီဗရာမန့်တိုကိုခေါ်ယူရန် ငွေကြေးအမြောက်အမြားသုံးစွဲမည်

**မန်ချက်စတာ မတ် ၂**

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခံစစ်ပိုင်း လိုအပ်ချက်များရှိခဲ့ဖြင့် လာမည့်ဘောလုံးရာသီတွင် ညာတောင်ပံခံစစ်ပိုင်းလိုအပ်ချက်ကိုဖြည့်ဆည်းရေးအတွက် နယူးကာဆယ်အသင်းမှခံစစ်ကစားသမားလီဗရာမန့်တိုကိုခေါ်ယူရန် ငွေကြေးအမြောက်အမြား သုံးစွဲမည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။



မန်စီးတီးအသင်းသည် လက်ရှိတွင် ကွင်းလယ်ကစားသမား နူနက်စ်ကို ညာတောင်ပံခံစစ်ပိုင်းနေရာတွင် အသုံးပြုနေရသော်လည်း အသင်း၏နည်းစနစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အတွက် လီဗရာမန့်တိုကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လီဗရာမန့်တိုကို ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ ကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က နယူးကာဆယ်အသင်းနှင့် ကာလရှည်စာချုပ်သက်တမ်း တိုးထားသောကြောင့် လက်လျှော့ခဲ့ရပြီးနောက် ယခုအခါ ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် ထပ်မံခေါ်ယူရန် စီစဉ်နေပြီး လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ငွေကြေးအမြောက်အမြားသုံးစွဲ၍ အသင်းလိုအပ်ချက်ကိုဖြည့်ဆည်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လီဗရာမန့်တိုသည် ၂၀၂၃ ခုနှစ်က ဆောက်သမ်တန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင်ပင် ၃၅ ပွဲထိပါဝင်၍ ခြေစွမ်းပြသခဲ့ကာ ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ ၃၉ ပွဲထိ ခြေစွမ်းပြပါဝင်ကစားထားကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# အိန္ဒိယနိုင်ငံ၏ ဉာဏ်ရည်တု(AI)အနာဂတ်စိန်ခေါ်မှုများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ကမ္ဘာ့AI နည်းပညာအခန်းကဏ္ဍတွင် အရေးပါဆုံးစုဝေးမှုများထဲမှတစ်ခုအဖြစ် အလျင်အမြန်ဖြစ်လာသည့် AI Impact Summit 2026 သည် ရှေ့လာမည့်ဆယ်စုနှစ်အတွက် ဉာဏ်ရည်တု(AI)၏ လမ်းကြောင်းကိုရေးဆွဲရန် နိုင်ငံ့ခေါင်းဆောင်များ၊ စက်မှုလုပ်ငန်းခေါင်းဆောင်များနှင့် AI သုတေသီများကို စုစည်းပေးခဲ့သည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်ထိ နယူးဒေလီရှိ Bharat Mandapam တွင် လက်ခံကျင်းပသည့် ဤထိပ်သီးအစည်းအဝေးသည် Global South နိုင်ငံတစ်ခုတွင် ကျင်းပသည့် AI ကမ္ဘာလုံးဆိုင်ရာထိပ်သီးအစည်းအဝေးစီးရီးများတွင် ပထမဆုံးဖြစ်သည်။ ၎င်း၏ပြည်တွင်း AI မဟာဗျူဟာကိုသာမက ကမ္ဘာတစ်ဝန်းရှိ ထွန်းသစ်စစီးပွားရေးများ၏မူဝါဒများကိုပါ ပုံဖော်ရန် အိန္ဒိယ၏ ရည်မှန်းချက်ကို အလေးပေးဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ယနေ့ထိ ၎င်း၏ အရေးအကြီးဆုံးနည်းပညာစုဝေးပွဲဖြစ်သည့် AI Impact Summit 2026 ကို နယူးဒေလီတွင် ကျင်းပခဲ့ပြီး မူဝါဒချမှတ်သူများ၊ စက်မှုလုပ်ငန်းခေါင်းဆောင်များနှင့် သုတေသီများသည် လာမည့်ဆယ်စုနှစ်ကို အတုယူဉာဏ်ရည်မည်သို့ပုံဖော်မည်ကိုဖော်ပြရန် စုဝေးခဲ့ကြသည်။ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် AI ကို အဓိပ္ပာယ်ရှိပြီး တန်းတူညီမျှသောရလဒ်များအတွက် အင်အားစုတစ်ခုအဖြစ် အလေးပေးဖော်ပြခဲ့ပြီး အိန္ဒိယကို တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှု၏ ကမ္ဘာလုံးဆိုင်ရာဗဟိုချက်အဖြစ်ထားရှိခြင်းဖြင့် ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ခဲ့သည်။

အစိုးရ၏ တရားဝင်အချက်အလက်များအရ အိန္ဒိယ၏ AI ဈေးကွက်သည် အလျင်အမြန်ကြီးထွားလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံခန့်မှ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၃ ဘီလီယံထိ တိုးချဲ့လာခဲ့သည်။ ဤဈေးကွက်သည် ၂၀၃၂ ခုနှစ်တွင် အံ့အားသင့်ဖွယ် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံထိ ရောက်ရှိမည်ဟုခန့်မှန်းထားပြီး နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၄၂ ရာခိုင်နှုန်းကျော် ရှိလာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ AI အသင့်ဖြစ်မှုညွှန်းကိန်းများတွင်လည်း အဆင့်မြင့်ရပ်တည်နေပြီး Stanford Global AI Vibrancy အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံးသုံးခု၌ ပါဝင်သည်။

ကမ္ဘာလုံးဆိုင်ရာ နည်းပညာကုမ္ပဏီကြီးများသည် ထိပ်သီးအစည်းအဝေးကို ကတိကဝတ်များ ပိုမိုနက်ရှိုင်းစေရန် အသုံးပြုခဲ့ကြသည်။ Google ၏ CEO Sundar Pichai သည် အိန္ဒိယအတွက် AI တွင် "ထူးခြားသောလမ်းကြောင်း"ကို ခန့်မှန်းခဲ့ပြီး အိန္ဒိယဘာသာစကားများဖြင့် ထိပ်တန်းနည်းပညာများကို ပိုမိုကျယ်ပြန့်စွာရရှိနိုင်စေရန်အတွက် ချိတ်ဆက်မှုအဆင့်မြှင့်တင်မှုများ၊ ပရော်ဖက်ရှင်နယ်ကျွမ်းကျင်မှုအစီအစဉ်များနှင့် ဘာသာစကားမျိုးစုံသင်တန်းအစီအစဉ်များအပါအဝင် မဟာဗျူဟာမြောက်မိတ်ဖက်များကို ကြေညာခဲ့သည်။

စက်မှုလုပ်ငန်းကတိကဝတ်များက ဤအရှိန်အဟုန်ကို အားကောင်းစေခဲ့သည်။ Sundar Pichai သည် အိန္ဒိယ၏ "ထူးခြားသောလမ်းကြောင်း"ကို မီးမောင်းထိုးပြခဲ့ပြီး ဘာသာစကားပေါင်းစုံနှင့် ချိတ်ဆက်မှုအခြေပြု AI အစီအစဉ်များကို ကြေညာခဲ့ပြီး တိုးချဲ့နိုင်သော AI ဖြေရှင်းချက်များအတွက် စမ်းသပ်ကွင်းအဖြစ် အိန္ဒိယသို့ စက်မှုလုပ်ငန်းတစ်ခုလုံး၏ ဗဟိုချက်ကို အလေးပေးဖော်ပြခဲ့သည်။

**အများပြည်သူကောင်းကျိုးအတွက် AI နှင့် အများပြည်သူဆိုင်ရာစိန်ခေါ်မှုများ**

ထိပ်သီးအစည်းအဝေး၏ အစီအစဉ်သည် GDP ကိန်းဂဏန်းများထက်ကျော်လွန်သော အသုံးပြုမှုကိစ္စရပ်များကို မီးမောင်းထိုးပြခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုရောဂါရှာဖွေရေး၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှု၊ စိုက်ပျိုးရေးပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းအတွက် AI ဖြေရှင်းချက်များကို အာရုံစိုက်သည့် ဆွေးနွေးပွဲများနှင့်ပြပွဲများ၊ AI ၏ အက်ပလီကေးရှင်းသည် သန်းရာပေါင်းများစွာအတွက် ဝန်ဆောင်မှုပေးအပ်မှုကို ပြောင်းလဲပေးနိုင်သည့်နယ်ပယ်များ ပါဝင်သည်။

**ရှေ့ကိုမျှော်ကြည့်ခြင်း (မူဝါဒ၊ ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုများ)**

AI ၏ အနာဂတ်နှင့်ပတ်သက်သည့် ဆွေးနွေးမှုများမှ အကြောင်းအရာနှစ်ခု ထပ်ခါတလဲလဲပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ အုပ်ချုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ဖြစ်သည်။ AI စနစ်များ တိုးပွားလာသည်နှင့်အမျှ ဆန်းသစ်တီထွင်မှုကို ဘေးကင်းရေး၊ လျှို့ဝှက်ရေးနှင့် တန်းတူညီမျှမှုနှင့် ဟန်ချက်ညီစေသောမူဝါဒများလိုအပ်ကြောင်း အကျိုးတူပါဝင်သူများက အလေးပေးပြောကြားခဲ့သည်။ ပေါင်းစည်းထားသောဝယ်ယူမှုစံနှုန်းများနှင့် တိုးတက်ပြောင်းလဲနေသော စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်များမရှိခြင်းသည် AI နည်းပညာများကို အုပ်ချုပ်ခြင်း၏ ပိုမိုကျယ်ပြန့်သောကမ္ဘာလုံးဆိုင်ရာ အခက်အခဲကို ထင်ဟပ်စေသည်။

> ❖ AI ၏ အနာဂတ်နှင့်ပတ်သက်သည့် ဆွေးနွေးမှုများမှ အကြောင်းအရာနှစ်ခု ထပ်ခါတလဲလဲပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ အုပ်ချုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ဖြစ်သည်။ AI စနစ်များတိုးပွားလာသည်နှင့်အမျှ ဆန်းသစ်တီထွင်မှုကို ဘေးကင်းရေး၊ လျှို့ဝှက်ရေးနှင့် တန်းတူညီမျှမှုနှင့် ဟန်ချက်ညီစေသောမူဝါဒများ လိုအပ်ကြောင်း အကျိုးတူပါဝင်သူများက အလေးပေးပြောကြားခဲ့သည်။ ပေါင်းစည်းထားသောဝယ်ယူမှုစံနှုန်းများနှင့် တိုးတက်ပြောင်းလဲနေသော စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်များမရှိခြင်းသည် AI နည်းပညာများကိုအုပ်ချုပ်ခြင်း၏ ပိုမိုကျယ်ပြန့်သော ကမ္ဘာလုံးဆိုင်ရာအခက်အခဲကို ထင်ဟပ်စေသည်။ ❖

အလားတူ အရေးတကြီးလိုအပ်ချက်မှာ ကျယ်ပြန့်သော AI ဗဟုသုတရှိရန်ဖြစ်သည်။ ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာသော စက်မှုလုပ်ငန်းကျွမ်းကျင်သူများနှင့် ပညာပေးသူများက အိန္ဒိယ၏ developer အရည်အချင်းရှိသူအရေအတွက်တိုးပွားလာနေသော်လည်း ပိုမိုကျယ်ပြန့်သောလူ့အဖွဲ့အစည်းတွင် AI ဗဟုသုတရှိမှုသည် မလုံလောက်သေးကြောင်း ထောက်ပြခဲ့သည်။ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှု၊ ပရော်ဖက်ရှင်နယ်ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာလေ့ကျင့်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်ယှဉ်ပြိုင်နိုင်စွမ်းအတွက် အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။

**AI သက်ရောက်မှုထိပ်သီးအစည်းအဝေးနှင့် AI ၏ အနာဂတ်အပေါ် နည်းပညာရှင်များ၏ရှုထောင့်များ**

**အိန္ဒိယ၏ AI အရှိန်အဟုန်အပေါ် စက်မှုလုပ်ငန်းခေါင်းဆောင်များ၏အမြင်**

IBM ၏ CEO ဒေါက်တာ Arvind Krishna-

"အိန္ဒိယသည် AI တွင် အမီလိုက်နိုင်ခြင်းမရှိတော့ဘဲ ကမ္ဘာလုံးဆိုင်ရာဦးတည်ချက်ကို ပုံဖော်နေသည်။ နောက်ထပ်တိုးတက်မှုများသည် Silicon Valley မှသာမက Bengaluru Hyderabad နှင့် အိန္ဒိယသုတေသနဂေဟစနစ်မှာပါ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေးက ပြသနေပါသည်။"

Microsoft ၏ CEO-Satya Nadella

"ကွန်ပျူတာ၊ အချက်အလက်နှင့် ကြီးမားသော developer အခြေခံများပေါင်းစည်းခြင်းသည် အိန္ဒိယကို AI ဆန်းသစ်တီထွင်မှုအတွက် အသင့်တော်ဆုံးနေရာများထဲမှ တစ်ခုဖြစ်စေသည်။ ယခုအရေးကြီးသည်မှာ တာဝန်ယူမှုရှိသော တိုးချဲ့မှု၊ ရပ်ရွာများကို မြှင့်တင်ပေးပြီး ဒစ်ဂျစ်တယ်မညီမျှမှုများကို ရှောင်ရှားသည့်စနစ်များတည်ဆောက်ခြင်းဖြစ်သည်။"

**အိန္ဒိယမူဝါဒနှင့် နည်းပညာတွေးခေါ်သူများ၏ အမြင်များ**

Kris Gopalakrishnani Infosys ၏ ပူးတွဲတည်ထောင်သူ-

"AI သည် ၁၉၉၀ ပြည့်လွန်နှစ်များက IT ထက် အိန္ဒိယစီးပွားရေးကို ပိုမိုသိသိသာသာပြန်လည်ပုံဖော်ပေးလိမ့်မည်။ သို့သော် အခွင့်အလမ်းအစစ်အမှန်မှာ ပြည်တွင်းဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ စိုက်ပျိုးရေးနှင့် အများပြည်သူဝန်ဆောင်မှုများသည် AI မောင်းနှင်သောထိရောက်မှုအတွက် အသင့်ဖြစ်နေပါပြီ။"

UIDAI ၏ ဥက္ကဋ္ဌ-Nandan Nilekani

"အိန္ဒိယသည် Aadhaar နှင့် UPI တို့ကဲ့သို့ AI အတွက် အများပြည်သူဆိုင်ရာဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကို တည်ဆောက်ရမည်။ အများပြည်သူအကျိုးပြု AI သည် အနာဂတ်အုပ်ချုပ်ရေး၏ ကျောရိုးဖြစ်လာလိမ့်မည်။"

**လုပ်ငန်းစတင်ခြင်းနှင့် ဆန်းသစ်ဖန်တီးမှုဆိုင်ရာအသံများ**

Ola Electric ၏ တည်ထောင်သူ-Bhavish Aggarwal

"AI သည် ထုတ်လုပ်ရေး၊ ရွေ့လျားနိုင်မှုနှင့် စွမ်းအင်စနစ်များကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုလိမ့်မည်။ အိန္ဒိယသည် တင်သွင်းလာသော AI မော်ဒယ်များကို အသုံးပြုသူအဖြစ်သာ ကန့်သတ်မထားရ၊ အိန္ဒိယဘာသာစကားများနှင့်အိန္ဒိယအခြေအနေများအတွက် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ထားသော နယ်စပ်မော်ဒယ်များကို တည်ဆောက်သင့်သည်။"

NASSCOM ၏ ဥက္ကဋ္ဌ- Debjani Ghosh

"ကျွန်ုပ်တို့၏ အကြီးမားဆုံးကွာဟချက်မှာ ပါရမီရှင်မဟုတ်ဘဲ AI စာတတ်မြောက်မှုဖြစ်သည်။ လယ်သမားများမှ အသေးစားစွန့်ဦးတီထွင်သူများထိ AI ကို ဘေးကင်းစွာနားလည်ပြီး အသုံးပြုနိုင်သော နိုင်ငံသားထောင်ပေါင်းများစွာမဟုတ်ဘဲ သန်းပေါင်းများစွာ လိုအပ်ပါသည်။"

**ပညာရေးနှင့် သုတေသနရှုထောင့်များ**

ပါမောက္ခ Subbarao Kambhampati ၊ အရီဇိုးနားပြည်နယ်တက္ကသိုလ်မှ AI သုတေသီ-

"AI အုပ်ချုပ်မှုသည် နောက်မှစဉ်းစား၍မရပါ။ အိန္ဒိယ၏စိန်ခေါ်မှုမှာ ဆန်းသစ်တီထွင်မှုနှင့် ကာကွယ်မှုများ အတူတကွတိုးတက်ပြောင်းလဲလာသည့်မူဘောင်များ ဖန်တီးရန်ဖြစ်သည်။"

ဒေါက်တာ Rohini Srivathsa ၊ အမျိုးသားနည်းပညာအရာရှိ၊ Microsoft India-

"အိန္ဒိယတွင် ထူးခြားသောအားသာချက်များရှိသည်။ ဘာသာစကားမျိုးစုံပါဝင်သော လူဦးရေ၊ ကြီးမားသောဒေတာစုများနှင့် ခိုင်မာသော developer အသိုင်းအဝိုင်းတို့ဖြစ်သည်။ သို့သော် အောင်မြင်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။ ပညာရေး၊ startup များနှင့် အစိုးရသည် အပြန်အလှန်လုပ်ဆောင်နိုင်သော AI ဂေဟစနစ်များကို တည်ဆောက်ရမည်။"


နိဂုံးချုပ်အနေဖြင့်ဆိုရသော် AI သက်ရောက်မှုထိပ်သီးအစည်းအဝေး ၂၀၂၆ သည် အိန္ဒိယ၏ နည်းပညာလမ်းကြောင်းတွင် အရေးပါသောအပြောင်းအလဲတစ်ခုကို အမှတ်အသားပြုသည်။ ကမ္ဘာလုံးဆိုင်ရာဆွေးနွေးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှုအတွက် ပလက်ဖောင်းတစ်ခုအဖြစ် ပေါ်ထွက်လာသော ထိပ်သီးအစည်းအဝေးသည် AI သည် အထူးပြုနယ်ပယ်တစ်ခုမဟုတ်တော့ဘဲ အမျိုးသားမဟာဗျူဟာ၏ အဓိကထောက်တိုင်တစ်ခုဖြစ်ကြောင်း အလေးပေးဖော်ပြသည်။ သို့သော် AI လက်ခံကျင့်သုံးမှု၏ အဓိကအချက်တွင် ကွဲလွဲမှုကိုလည်း ဖော်ထုတ်သည်။ စွမ်းရည်ဆိုင်ရာတိုးတက်မှုများကို အုပ်ချုပ်မှု၊ အခြေခံအဆောက်အအုံနှင့် ပါဝင်သောပညာရေးတို့ဖြင့် ကိုက်ညီအောင်ပြုလုပ်ရမည်။

သို့ဖြစ်ရာ AI Impact Summit သည် ကမ္ဘာလုံးဆိုင်ရာဦးဆောင်မှုအတွက် အိန္ဒိယ၏ ရဲရင့်သောကြိုးပမ်းမှုကို အလေးပေးဖော်ပြခဲ့သည်။ ၎င်း၏ အားသာချက်များ၊ ကြီးမားသောအရည်အချင်းရှိသူများ၊ ဘာသာစကားကွဲပြားမှု၊ တိုးချဲ့ထားသောကွန်ပျူတာစွမ်းရည်နှင့် ဒစ်ဂျစ်တယ်အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံယဉ်ကျေးမှုတို့သည် နိုင်ငံကို ထူးခြားစွာနေရာယူထားသည်။ သို့သော် နည်းပညာရှင်များသည် ရှေ့တွင်ရှိသော နှစ်ထပ်တာဝန်ဝတ္တရားကို သဘောတူကြသည်။ အိန္ဒိယသည် အတားအဆီးများကျော်ဖြတ်နေစဉ် ဆန်းသစ်တီထွင်မှုကို တိုးချဲ့ရမည်။ ၎င်း၏ ကျယ်ပြန့်သောလူဦးရေတွင် AI စာတတ်မြောက်မှုကို သေချာစေရမည်။ တံ့ပြန်မည့်အစား ကြိုတင်ခန့်မှန်းနိုင်သော အုပ်ချုပ်မှုဆိုင်ရာမူဘောင်များကို ဖန်တီးရမည်။ လာမည့်နှစ်များသည် အိန္ဒိယ၏ AI ဓာတ်လမ်းပါဝင်သော နည်းပညာတိုးတက်မှုအတွက် မော်ဒယ်တစ်ခုဖြစ်လာမည်လားသို့မဟုတ် စနစ်တကျအသင့်မဖြစ်ဘဲ အလျင်အမြန်လက်ခံကျင့်သုံးခြင်းအတွက် သတိပေးဓာတ်လမ်းတစ်ခုဖြစ်လာမည်လားဆိုသည်ကို ဆုံးဖြတ်ပေးလိမ့်မည်ဖြစ်ပေသည်။

**ကိုးကား**

1. "India AI Impact Summit: Growth, jobs, skilling push"- Business Standard (AI market growth, talent rankings, infrastructure)
2. "India Will Have 'Extraordinary Trajectory' With AI: Google CEO" – NDTV (industry commitments and AI adoption strategies)

# Kill Me Now စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ အပြီးသတ်ခဲ့ပြီဖြစ်





**နယူးယောက် မတ် ၂**

Kill Me Now အမည်ရှိ စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ အပြီးသတ်ခဲ့ပြီဖြစ်ကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ပိုလစ်က တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်ပြီး မင်းသမီး ဂျက်ကလင်းဆင်းဂါး၊ ကောလန်းကမ့်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Kill Me Now ဇာတ်ကားသည် စာရေးဆရာမတစ်ဦး ၎င်း၏ ဇာတိမြို့၌ ရင်ဆိုင်ရမည့် ထိတ်လန့်သည်းဖို အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသမီး ဂျက်ဂလင်းဆင်းဂါးကပင် ရေးသားပေးထားသည်။

Kill Me Now ဇာတ်ကားကို လေ့ဒ်အိန်ဂျလိစ်မြို့တော်၌ ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး အဆိုပါ Kill Me Now ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Mahar Application က ပွဲရှာမယ် တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းကို မတ် ၈ ရက်တွင် ထုတ်လွှင့်ပေးမည်

**ရန်ကုန် မတ် ၂**

Mahar Application က ပွဲရှာမယ် တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းကို မတ် ၈ ရက်တွင် ထုတ်လွှင့် ပေးမည်ဖြစ်ကြောင်း အဆိုပါ ပွဲရှာမယ် တစ်ပိုင်းအပြီး ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ ကောင်းမြတ်စံထံမှ သိရသည်။



အဆိုပါပွဲရှာမယ်တစ်ပိုင်းတည်းအပြီး ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စွမ်းပိုင်က ရေးသားထားကာ ဒါရိုက်တာ ရာဇဝင်ကိုက Mahar Application အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက တစ်ပိုင်းတည်းအပြီး ဟာသဇာတ်မြူးလေးပါ။ ဒီဇာတ်လမ်းမှာ အောင်ဇင်အဖြစ်ပါဝင်ထားပါတယ်။ နာမည်ကြီးချင်လို့ ပွဲလိုက်ရှာရင်းနဲ့မှ မထင်မှတ်ထားတဲ့ အလွဲတွေ၊ အခက်အခဲတွေကြားထဲ ရောက်သွားကြမဲ့သူတွေနဲ့ သူတို့ရှာတဲ့ပွဲတွေက တကယ်ပဲ နာမည်ကြီးသွားစေမှာလား ဆိုတာကိုတော့ မကြာခင် သိရတော့မှာပါ"ဟု သရုပ်ဆောင် ကောင်းမြတ်စံက ပြောပြသည်။

ပွဲရှာမယ် တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ စည်သူဝင်း၊ ပန်းသီး၊ ဆူးခက်မင်း၊ ပီယ၊ မိုးညို၊ မိုးပွင့်ဖြူ၊ ချိုမဒီသွင်နှင့် အနုပညာရှင်များစွာပါဝင်ထားပြီး Mahar Application မှ မတ် ၈ ရက် နံနက် ၇ နာရီတွင် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# မြန်မာ့ရိုးရာ မှန်စီရွှေချလုပ်ငန်းကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းနိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် မတ် ၂**

မြန်မာ့ရိုးရာအနုပညာလက်ရာ မှန်စီရွှေချလုပ်ငန်းကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်တင်သွင်းနိုင်ရန် ဆောင်ရွက်နေကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တစ်ခုဖြစ်သည့် ဘုရားတန်ဆောင်း၊ ပြာသာဒ်၊ ဇရပ်များနှင့် လူ့အသုံးအဆောင်ပစ္စည်းများ မှန်စီရွှေချခြင်းလုပ်ငန်းကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် တင်သွင်းနိုင်ရန် စာရင်းကောက်ယူ မှတ်တမ်းတင်ခြင်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"လောလောဆယ်မှာက ကနဦး အမျိုးသားအဆင့်အနေနဲ့ လုပ်နေတာရှိပါတယ်။ ဘုရားတန်ဆောင်း၊ ပြာသာဒ်နဲ့ ဇရပ်တွေရဲ့ မှန်စီရွှေချလုပ်ငန်းနဲ့သက်ဆိုင်တဲ့ လုပ်ဆောင်ပုံအဆင့်ဆင့်ကို စာရင်းကောက်ယူဖို့ စတင်ဆောင်ရွက်နေကြပါတယ်။ ရွှေတိဂုံမှာတော့ ကွင်းဆင်း ဆောင်ရွက်ခဲ့ပြီးပါပြီ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(စီမံ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်ထံမှ သိရသည်။

မှန်စီရွှေချလုပ်ငန်းနှင့်ပတ်သက်သည့် အမျိုးသားအဆင့် စာရင်းကောက်ယူမှုကို မန္တလေးတွင်လည်း မကြာခင် စတင်သွားနိုင်ရန် ရည်ရွယ်ထားပြီး ၎င်းကဲ့သို့ စာရင်းကောက်ယူရာတွင် မှန်စီရွှေချလုပ်ငန်း၏ လုပ်ဆောင်ပုံအဆင့်ဆင့်ပါဝင်ပြီး ထိန်းသိမ်းအပ်သော မြန်မာ့လက်မှု အနုပညာလက်ရာ အမွေအနှစ်ကို ဖော်ထုတ်လုပ်ဆောင်နေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ၁၉ ကြိမ်မြောက် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ညီလာခံကို ပါရာဂွေးနိုင်ငံ၌ကျင်းပခဲ့ပြီး ၎င်းညီလာခံ အခမ်းအနားတွင် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို စာရင်းဝင်အဖြစ် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ ASH

# Foster The Snowman ဇာတ်ကားကို ဒါရိုက်တာ ဟီကာရီ တာဝန်ယူရိုက်ကူးမည်ဖြစ်

**နယူးယောက် မတ် ၂**

Apple Original Film ၏ Foster The Snowman ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဟီကာရီ တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Foster The Snowman ဇာတ်ကားသည် ၇၂ နာရီအတွင်း အသက်ဝင်လာမည့် နှင်းခဲအရုပ်ကြီးတစ်ရုပ်ကို မွေးစားရမည့်ဇနီးမောင်နှံအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Foster The Snowman ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Apple Original Film က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ Foster The Snowman ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပီတာဟော့က ရေးသားပေးထားကြောင်း သိရသည်။

ဂျပန် အမျိုးသမီးဒါရိုက်တာ ဟီကာရီသည် မကြာသေးခင်ကမှ Searchlight ကုမ္ပဏီ၏ Rental Family ဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်သည်။

Foster The Snowman ဇာတ်ကားသည် ဒါရိုက်တာ ဟီကာရီအတွက် တတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Daily Wire ၏ အက်ရှင်ဇာတ်ကား၌ မင်းသား ဂျိုနသန်မေဂျာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မတ် ၂**

Daily Wire ကုမ္ပဏီ၏ အက်ရှင် ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျိုနသန်မေဂျာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း မတ် ၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် မင်းသား ဂျိုနသန်မေဂျာအတွက် ၂၀၂၃ ခုနှစ်နောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ တိုင်လီရန်ကင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လက်ရှိအချိန်တွင် တောင်ကာရိုလိုင်းနားပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။

မင်းသား ဂျိုနသန်မေဂျာသည် ၂၀၂၃ ခုနှစ်အတွင်း ကိုယ်ထိလက်ရောက် ရန်ပြုမှုများအတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး နောက်ပိုင်း ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်မှုနားထားသည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Auspicious ceremony to present religious titles for 2026 and donate provisions held



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and the congregation listening to the sermon delivered by Sayadaws.

**Nay Pyi Taw March 2**

An auspicious ceremony to present religious titles for 2026 and donate provisions was held at Aggadipati Sasana Beikman in the precinct of Maravijaya Buddha Park here this afternoon, attended by Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who presented religious titles and provisions and offertories.

Present were Sayadaws from the country and abroad and nuns who would receive religious titles led by Chairman of State Sangha Maha Nayaka Committee (SSMNC) Thanlyin Minkyaung Monastery Sayadaw Abhidhaja Maha Rattha Guru Agga Maha Saddhamma Jotikadhaja Dr Bhaddanta CandiamaBhivamsa, and Secretary of SSMNC Patron of MasoeyeinTaikthit monastery Sayadaw of Dhamma Thamaindi pariyatischool in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika BahujanaHitadhara Bhaddanta Vaselabhivamsa.

The Senior General and wife were accompanied by SSPC Vice Chairman Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dwe and wife, SSPC Secretary General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander and officials, and lay persons who won Sasana Nuggaha Title.



Senior General Min Aung Hlaing presents title and insignia to a recipient.

After opening the ceremony by reciting Namotassa three times, Deputy Minister for Religious Affairs and Culture U Aye Tun read out the agenda and declared the ceremony open.

The Senior General and wife and the congregation received the Nine Precepts from the SSMNC Chairman Sayadaw.

The SSMNC Chairman Sayadaw, winner of Abhidhaja Maha Rattha Gugu Title, delivered Ovdakahta and Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious matters.

At the ceremony, Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing presented Abhidhaja Maha Rattha Guru Title and insignia to the SSMNC Chairman Sayadaw.

Commission Vice Chairman Vice-Senior General Soe Win offered Abhidhaja Maha Rattha Guru title and insignia to Dr Bhaddanta Vijjananda Bhivamsa of Maha Gandayon Monastey of Sagaing.



Senior General Min Aung Hlaing presents Abhidhaja Maha Rattha Guru Title and insignia to the SSMNC Chairman Sayadaw.

Commission member Prime Minister U Nyo Saw also presented Abhidhaja Maha Rattha Guru title and insignia to Naya Monastery Sayadaw Bhaddanta Nandiya of Dekkhinayama Phayagyi Monastery of Chanmyathazi Township in Mandalay Region; Commission member Executive Chief U Aung Lin Dwe, Abhidhaja Maha Rattha Guru title and insignia to Maha Withutayama (Central) Monastery Sayadaw Bhaddanta Paññajota of Pakokku in Magway Region; and Commission Secretary General Ye Win Oo, Abhidhaja Aggamaha Saddhammajotika title and insignia to Monastic Education Post-Primary School Sayadaw Bhaddanta Nayaka Bhivamsa of Myingyan in Mandalay Region, respectively.

Furthermore, Commission members, Union-level dignitaries, Union ministers, senior military officers from the Office of the Commander-in-Chief and officials offered Abhidhaja Aggamaha Saddhammajotika, Aggamaha Pandita, Aggamaha Saddhammajotikadhaja, Aggamaha Ganthavacaka Pandita and Aggamaha Kammathanacariya titles and insignia to title recipient Sayadaws.

The wife of the Senior General also presented Aggamaha Ganthavacaka Pandita title and insignia to Nun Daw Kalyasingi of Thameikdawdaya Nunnery in Sagaing of Sagaing Region.

Afterwards, the Senior General presented Aggamaha Thiri Thudhamma Manizawtadhara title and insignia to U Kyaw Soe Win (a) U Khant Sithu and Thiri Thudhamma Manizawtadhara title and insignia to U Zaw Latt and U Tin Maung Win, respectively.

The Commission Vice Chairman handed Thiha Thudhamma Manizawtadhara title and insignia to Thura U Myint Maung.

The wife of the Senior General gave Aggamaha Thiri Thudhamma Theingi title and insignia to Dr Htay Htay Khaing, Daw Htay Htay Win, Daw Nyunt Yin Win and Daw Thida Aung, Thiri Thudhamma Theingi title and insignia to Daw Nang Aye Khant and Daw Khin Thida, Thiha Thudhamma Theingi title and insignia to Daw San San Aye, Daw Ohnma Myint, Daw Nilar, Daw Wah Wah Thin, Daw Thinza Win Sein, Dr Daw Nang Kue Ku and Daw Thida Lwin while the wife of the Vice-Senior Geneal presented Thiha Thudhamma Theingi title and insignia to Daw Tin Moe Nwe, Dr Aye Khaing Nyunt, Daw Khin Hnin Wai, Daw Marlar Tint, Dr Daw Tin Lin Myint, Daw Khin Lay Myint, Daw Khin Hla Win, Daw Su Nyunt Oo, Daw Than Than Aye, Dr Nanda Hmun and Daw Kyu Kyu Soe, respectively.

*See Page 13*



*From Page 12*

SSMNC Secretary Maha Patron of New Masoeyein Building, Dhamma Thameikdi Monastery Sayadaw Aggamaha Pandita Aggamaha Saddhammajotikadhaja Maha Dhammakathika Bahujanahitadhara Bhaddanta Vasettha Bhivamsa of Mandalay delivered a sermon, and the congregation shared merits gained. The ceremony ended with three-time recitation of "Buddha Sasanam Ciram Titthatu".

The rice offering ceremony followed. The Senior General and his wife together with Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member Prime Minister U Nyo Saw and his wife, Commission member Executive Chief U Aung Lin Dwe and his wife, Commission Secretary General Ye Win Oo and his wife, Commission members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command, departmental personnel and well-wishers offered rice and alms to the Sayadaws and the nun who have accepted religious titles for 2026 at relevant pavalions in the precinct of Maravijaya Buddha Image Park. 100

**Vice-Senior General Soe Win presents Abhidhaja Maha Rattha Guru Title and insignia to Dr Bhaddanta Vijjananda Bhivamsa of Maha Gandayon Monastey of Sagaing.**

# Thabaung Township cultivate more than 4,000 acres of kitchen crops this cold season

**Thabaung March 2**

Local farmers from Thabaung Township of Ayeyawady Region planted kitchen crops on 4,452 acres of croplands in the township this year, according to Pathein District Agriculture Department.

In Thabaung Township, during this year's winter cropping season, a total of 4,579 acres of assorted kitchen crops were targeted for cultivation starting from the first week of November 2025. As of today, 4,452 acres have already been planted.

"In Thabaung Township, we have set a target to cultivate 4,579 acres of various crops during this winter season. To ensure that the planted crops are free from pest hazards and meet market demand, the Agriculture Department has conducted field-level farmer education and provided technical and other necessary support prior to planting. This year, we are mainly cultivating crops that are regionally suitable and have strong market demand," said Daw Aye Aye Mu, Head of the Pathein District Agriculture Department.

Among the 4,452 acres of kitchen crops planted are cauliflower, coriander, spinach, radish, yard-long bean, eggplant, gourd, papaya, water spinach, roselle, bitter gourd, and okra. To ensure successful cultivation, prevent pest infestations, and minimize losses due to natural disasters and other causes, the Agriculture Department is conducting on-site farmer education and extension activities.

Kyaw Kyaw Lin



A kitchen crop farm.

# Pigeon pea harvested in Pwintbyu Township

**Pwintbyu March 2**

According to the township Agriculture Department, local farmers have harvested 4,152 acres of pigeon pea in Pwintbyu Township of Magway Region, yielding 10.14 baskets per acre.

In Pwintbyu Township, a total of 6,611 acres of pigeon pea were cultivated during the monsoon cropping season. Harvesting of the pigeon pea plantations began in December 2025, and as of today, 4,152 acres have been harvested, with an average yield of 10.14 baskets per acre.

"In the monsoon season in Pwintbyu Township, 6,611 acres of pigeon pea were planted. Harvesting started in December 2025, and to date, 4,152 acres have been harvested. To prevent yield losses during harvesting, farmers are being provided with necessary agricultural education on timely harvesting and systematic storage practices to ensure good quality," said Daw Moe Moe Wai, Township Officer of the Township Agriculture Department.

In Pwintbyu Township, the Township Agriculture Department has supported pigeon pea growers during the monsoon season by promoting expansion of cultivated acreage and improvement of crop yields. Assistance has included educating farmers on selecting regionally suitable, high-quality seed varieties, applying correct cultivation methods, and systematically using agricultural inputs.

If pigeon pea can be cultivated with improved quality and yield, it will not only ensure local consumption sufficiency but also enable exports, thereby contributing to the socio-economic development of farmers. Therefore, efforts must be made to expand pigeon pea cultivation across the region, Township Officer Daw Moe Moe Wai added.

Ye Win Naing (NyaungU)



A pigeon pea plantation.

# Farmers grows more than 6,000 acres of groundnut in Wakema Township

**Wakema March 2**

Statistics of Myaungmya District Agriculture Department mentioned that local farmers planted 6,232 acres of groundnut as cold season crops in Wakema Township of Ayeyawady Region this year.

During this year's winter cropping season in Wakema Township, groundnut cultivation began in the first week of November 2025, with a target of 8,691 acres. To date, 6,232 acres have already been planted. It is reported that, to ensure systematic cultivation of groundnut and other winter crops without difficulties, relevant departments and organizations are cooperating to provide necessary agricultural inputs at affordable prices and to support farmers with required cultivation techniques.

"Across Wakema Township, more than 8,600 acres of groundnut have been targeted for cultivation. As of today, over 6,200 acres have been planted. To ensure that all targeted acres are fully cultivated and that the crops are protected from pests and diseases, we have been providing technical assistance. We will continue to do so," said Daw Khin Htay Myint, Head of the Myaungmya District Agriculture Department.

In Wakema Township, during this winter cropping season, the Agriculture Department, administrative bodies, the Agricultural Mechanization Department, and the Irrigation and Water Utilization Management Department are reportedly cooperating to ensure that crop cultivation meets the targeted acreage.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## စင်ကာပူက ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် Gulfstream G550 ရေပြင်ကင်းထောက်လေယာဉ် သုံးစင်း ထပ်မံဝယ်ယူမည်



စင်ကာပူအစိုးရသည် ၎င်းတို့၏ ရေပြင်ပိုင်နက်အတွင်း အန္တရာယ်ရှိသော ခြိမ်းခြောက်မှုများကို ကြိုတင်သတိပေးနိုင်ရန်နှင့် စောင့်ကြည့်ထောက်လှမ်းနိုင်စွမ်းကို မြှင့်တင်ရန်အတွက် Gulfstream G550 ရေပြင်ကင်းထောက်လေယာဉ် သုံးစင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ယခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ကြေညာခဲ့သည်ဟု Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စင်ကာပူကာကွယ်ရေးဝန်ကြီး Chan Chun Sing က ဝန်ကြီးဌာန၏ နှစ်စဉ် အသုံးစရိတ်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရာတွင် စင်ကာပူလေတပ် (RSAF) အနေဖြင့် ၎င်းလေယာဉ်သစ်များကို ဝယ်ယူတပ်ဆင်သွားမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာ့အဓိက ကုန်သွယ်ရေး ရေလမ်းကြောင်းပေါ်တွင် တည်ရှိနေသဖြင့် ပင်လယ်ရေကြောင်းသွားလာမှုလုံခြုံရေးမှာ အမျိုးသားလုံခြုံရေးအတွက် အဓိကသော့ချက်ဖြစ်သည်။ ယခုဝယ်ယူမည့် Gulfstream G550 လေယာဉ်များသည် လက်ရှိအသုံးပြုနေသည့် Boeing P-8A ပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ်များနှင့် ပူးပေါင်းကာ စင်ကာပူ၏ ပေါင်းစပ်ရေကြောင်းလုံခြုံရေးကွန်ရက်ကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။

Gulfstream G550 ရေပြင်ကင်းထောက်လေယာဉ်သည် အလျား ၂၉ ဒသမ ၈ မီတာနှင့် တောင်ပံအကျယ် ၂၈ ဒသမ ၅ မီတာရှိသော ကိုယ်ထည်ဒီဇိုင်းဖြင့် တည်ဆောက်ထားပြီး လေယာဉ်မောင်းနှင်သူနှစ်ဦးအပြင် အထူးတာဝန်ထမ်းဆောင်မည့် ကျွမ်းကျင်ပညာရှင် ခြောက်ဦးထိ လိုက်ပါတာဝန်ထမ်းဆောင်နိုင်သည်။ အဆင့်မြင့်နည်းပညာသုံး ရေဒါစနစ်များ၊ အပူလှိုင်းဖမ်းယူနိုင်သည့် အင်ဖရာရက် (Infrared) ကင်မရာများနှင့် ခေတ်မီဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားသည့် အဆိုပါလေယာဉ်သည် ရေပြင်ပေါ်ရှိသင်္ဘောများကို ရှာဖွေထောက်လှမ်းခြင်း၊ ရွေ့လျားမှုပုံစံများကို ခြေရာခံခြင်းနှင့်ရရှိလာသော သတင်းအချက်အလက်များကို ရေတပ်ကွပ်ကဲမှုဌာနသို့ အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။

Boeing P-8A ပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ်များကဲ့သို့ ရေငုပ်သင်္ဘောဖျက်စစ်ဆင်ရေးထက် Gulfstream G550 ရေပြင်ကင်းထောက်လေယာဉ်များသည် သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ရေပြင်ပိုင်နက်ကို အချိန်ကြာမြင့်စွာ စောင့်ကြည့်နိုင်ခြင်းကို ပိုမိုအသားပေးဒီဇိုင်းထုတ်ထားသည်။ ရေပြင်ကင်းထောက်ကမ်းခြေရေဒါများမမီသောဝေးလံသည့် ရေပြင်ဧရိယာများထိ ကင်းလှည့်နိုင်သောကြောင့် ခွင့်ပြုချက်မရှိသော လုပ်ဆောင်မှုများကို ကြိုတင် ကာကွယ်နိုင်မည်ဖြစ်သည်။ စင်ကာပူ၏ယခုခြေလှမ်းသည် ရှုပ်ထွေးလာသော ဒေသတွင်းလုံခြုံရေးအခြေအနေများကြား စီးပွားရေးနှင့် စွမ်းအင်လမ်းကြောင်းများကို ကာကွယ်ရန်အတွက် အဆင့်ဆင့်သော ကင်းထောက်စနစ် (Layered Surveillance) ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

**Singapore buys Gulfstream G550 surveillance aircraft for maritime security ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကာကွယ်ရေးကုမ္ပဏီက အမေရိကန်စစ်တပ်သို့ အသေခံဒရုန်းများပံ့ပိုးရန် စာချုပ်သစ်တစ်ရပ်ရရှိခဲ့

အမေရိကန် ကာကွယ်ရေးကုမ္ပဏီ AeroVironment သည် ၎င်းတို့၏ အထင်ကရ ထုတ်ကုန်များဖြစ်သော Switchblade 600 နှင့် Switchblade 300 အသေခံဒရုန်းများကို အမေရိကန်စစ်တပ်သို့ ပံ့ပိုးပေးရန် ဒေါ်လာ ၁၈၆ သန်းတန်ဖိုးရှိ စာချုပ်သစ်တစ်ရပ်ကို ရရှိခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤမှာယူမှုသည် ၂၀၂၄ ခုနှစ်က ချုပ်ဆိုခဲ့သော ငါးနှစ်သက်တမ်းရှိ ဒေါ်လာ သန်း ၉၉၀ တန် မူလစာချုပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အမေရိကန် ခြေလျင်တပ်ရင်းများနှင့် စစ်ဆင်ရေးတပ်ဖွဲ့များကို ခေတ်မီအိတ်ဆောင် ဒရုန်းလက်နက်စနစ်များတပ်ဆင်ပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်ပေးပို့မှုတွင် အထူးခြားဆုံးအချက်မှာ Switchblade 600 အမျိုးအစားသစ်တွင် "Explosively Formed Penetrator (EFP)" ဟုခေါ်သော သံချပ်ကာဖောက် ထိပ်ဖူးစနစ်ပထမဆုံးအကြိမ်ပါဝင်လာခြင်းဖြစ်သည်။ ဤနည်းပညာသည် သံချပ်ကာယာဉ်များနှင့် တင့်ကားများကို ထိရောက်စွာ ဖျက်ဆီးနိုင်သည့် ပုံသွင်းခဲယမ်းထိပ်ဖူး (Self-forging warhead) စနစ်လည်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးကုမ္ပဏီ AeroVironment ၏ Switchblade ဒရုန်းများသည် ပေါ့ပါးပြီး မြေပြင်၊ ရေပြင်နှင့်ဝေဟင်တို့မှ ပစ်လွှတ်နိုင်သည့် တိကျစစ်ဆင်ရေးသုံး လက်နက်များဖြစ်သည်။ အမေရိကန်ကာကွယ်ရေးကုမ္ပဏီ AeroVironment ၏ Switchblade အသေခံ တိုက်ခိုက်ရေးဒရုန်းများသည် အမျိုးအစားအလိုက် ထူးခြားသော စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားကြကြောင်း သိရသည်။

အရွယ်အစားကြီးမားသော Switchblade 600 အမျိုးအစားသည် အလျား ၁၃၀ စင်တီမီတာရှိပြီး အလေးချိန် ၁၅ ကီလိုဂရမ်လေးလံကာ သံချပ်ကာဖောက်ထိပ်ဖူးနှင့်အဆင့်မြင့် IR ကင်မရာစနစ်များကို တပ်ဆင်ထားသည်။ ၎င်းသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ အရှိန်နှုန်းဖြင့် မိနစ် ၄၀ ကျော်ကြာ ပျံသန်းကာ ရန်သူ့တင့်ကားများကို တိုက်ခိုက်ချေမှုန်းနိုင်ကြောင်း သိရသည်။

တစ်ဖက်တွင်လည်း အပေါ့စား Switchblade 300 တိုက်ခိုက်ရေးဒရုန်းသည် အလျား ၅၀ စင်တီမီတာနှင့် အလေးချိန် ၃ ကီလိုဂရမ်သာရှိသော်လည်း တစ်နာရီလျှင် ၁၆၀ ကီလိုမီတာ အရှိန်နှုန်းဖြင့် မိနစ် ၂၀ ကျော်ကြာ ကင်းထောက် တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။




အဆိုပါ Switchblade 300 အမျိုးအစားတွင် ကြည်လင်ပြတ်သားမှု အလွန်မြင့်မားသော ကင်မရာစနစ်များပါဝင်သဖြင့် ပစ်မှတ်များကို တိကျစွာရှာဖွေဖျက်ဆီးနိုင်သော ခေတ်သစ်စစ်မြေပြင်၏ အိတ်ဆောင်အဖြစ် သယ်ယူသွားနိုင်သော တိုက်ခိုက်ရေးဒရုန်းလက်နက်များပင်ဖြစ်သည်။

ဤတိုက်ခိုက်ရေး ဒရုန်းအုပ်စုများတွင် အလိုအလျောက် ပျံသန်းနိုင်စွမ်း၊ ရန်သူနှောင့်ယှက်မှုကို ခံနိုင်ရည်ရှိမှုနှင့် ဖျက်ဆီးနိုင်စွမ်းတို့ကို အဆင့်မြှင့်တင်ထားသည့်အပြင် အီလက်ထရွန်နစ်တုံ့ပြန်နှောင့်ယှက်မှု စနစ်များလည်း ပါဝင်သည်။ လက်ရှိတွင် ဤဒရုန်းများကို အမေရိကန်အပြင် လစ်သူရေးနီးယား၊ ဗြိတိန်နှင့် ယူကရိန်းနိုင်ငံတို့တွင်လည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

**US Army Orders More Switchblade Kamikaze Drones From AeroVironment ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၅၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ဖူးစားပြောင်း ဧက ၂၅၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းဖူးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးနည်းပညာ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်းစသည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ် ကောင်းမွန်နေ

**ဝါးခယ်မ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများကို ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"တီလားဗီးယားငါးတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဝါးခယ်မမြို့နယ်ကနေ အခြားဒေသတွေကို တီလားဗီးယားငါးတွေ ပိဿာချိန်အများအပြားတင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ အခုလို တီလားဗီးယားငါးတွေ အရောင်းအဝယ် ကောင်းနေတာကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ၊ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ဝါးခယ်မမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါးများ အပါအဝင် အခြား ရေထွက်ကုန်များကို ဝါးခယ်မဈေးကွက်အပြင် ပုသိမ်၊ မြောင်းမြ စသည့်ဒေသများသို့ တင်ပို့ ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် တိုင်းတိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မတ် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်စိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မိုင်းအော့ကျေးရွာအုပ်စု တိုင်းတိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖေယျာမင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တိုင်းတိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှသိရသည်။ **ချိုသန်းညွန့်**




# ဝေါမြို့နယ် ပေါက်တန်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး



**ဝေါ မတ် ၂**


ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပေါက်တန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပေါက်တန်းကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ဆောင်ရွက်ပြီး ကွန်ကရစ်တံတားကို အကျိုးရှိစွာအသုံးပြုနိုင်ရေး ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် ပေါက်တန်းကျေးရွာ၌ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃ သန်းဖြင့် ဓနတိုးပွားကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၅ ခုနှစ်ဇူလိုင်လတတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ပေါက်တန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေးလွယ်ကူပြီး လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ပြီဖြစ်ကာ လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညီ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

ရှေ့ဖုံးမှအဆက်

ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနား အဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း ခေါ် ဦးခန့်စည်သူအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသည့် ဦးဇော်လတ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကအဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်

ဒေါက်တာ ဘဒ္ဒန္တဝိစ္ဆာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သာသနာနုဂ္ဂဟာဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း ခေါ် ဦးခန့်စည်သူ၊ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိကြသည့် ဦးဇော်လတ်၊ ဦးတင်မောင်ဝင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရ ဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါက်တာ ဌေးဌေးခိုင်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ညွန့်ယဉ်ဝင်း၊ ဒေါ်သီတာအောင်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်နန်းအေခန့်၊ ဒေါ်ခင်သီတာ၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာ၊ ဒေါ်ဝါဝါသင်း၊ ဒေါ်သဉ္ဇာဝင်းစိန်၊ ဒေါက်တာ ဒေါ်နန်းကူးကူး၊ ဒေါ်သီတာလွင်တို့အားလည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၏ ဇနီးက သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်တင်မိုးနွယ်၊ ဒေါက်တာအေးခိုင်ညွန့်၊ ဒေါ်ခင်နှင်းဝေ၊ ဒေါ်မာလာတင့်၊ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်လှဝင်း၊ ဒေါ်စုညွန့်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါက်တာနန္ဒာမွန်းနှင့် ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

စာမျက်နှာ ၁၈ သို့



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိစ္ဆာနန္ဒာဘိဝံသထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်ညွန့်ယဉ်ဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်တင်မိုးနွယ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ "ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှဝန်ထမ်း များ၊ အလှူရှင်များက ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတို့အား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗ၀၁)



၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးတို့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒိယာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရအမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနအဖွဲ့က ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနား သီချင်းဖြင့် ပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးဆရာတော်ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဂုဏဝိသိဋ္ဌမင်္ဂလာဧကပိုဒ်ရတုကို အနုပညာဦးစီးဌာနအဖွဲ့က ဂုဏ်ပြုဖတ်ကြားပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး အတွင်းမှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီး ၃၄ ပါး၊ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့်သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် လေးဦးတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များ ချီးမြှင့်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒိယာဘိဝံသထံမှအနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ပထမပိုင်း အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများနှင့် အလှူရှင်များက ပင့်သံဃာတော်ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။



ထို့အတူ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၏ ၁၁ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရား ရင်ပြင်တော်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (စတုဘုမ္မိက) နဂါးပရိယတ္တိစာသင်တိုက် ဆရာတော်၊ မိုးကောင်းတိုက်ရတနာသိဂ်ီဒိုက်ဦးကျောင်း ဆရာတော်နှင့် ဆရာတော်၊သံဃာတော် ၅၅ပါးတို့အား ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၄၄ / ၂၀၂၆**
**၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်**
**(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### သရေစည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၂။ | ဦးစိုးသိန်း | ဝန်ကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၃။ | ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

### စည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂။ | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄။ | ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅။ | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆။ | ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံ့ချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးစိန်ဦး | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃။ | ဦးလွင်ဦး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၄။ | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| ၂။ | ဗိုလ်ချုပ်အောင်မျိုးသန့် | ဒုတိယဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ်မင်းသူ | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ | ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဦးသိုက်စိုး | ဒုတိယဝန်ကြီး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၈။ | ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဦးဇင်မင်းထက် | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၀။ | ဦးထိန်လင်း | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ | ဦးတိုးရီ | အဖွဲ့ဝင် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၁၂။ | ဗိုလ်ချုပ်ကိုလေး | ဒုတိယဝန်ကြီး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးစိုးကြည် | ဒုတိယဝန်ကြီး(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်အေးအေးမော် | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၁၅။ | ဦးထွန်းထွန်းဦး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၁၆။ | ဦးညွန့်လင်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၁၇။ | ဒေါ်မိမိမော် | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၁၈။ | ဒေါ်မြအေး | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၁၉။ | ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၂၀။ | ဗိုလ်မှူးကြီးရဲမိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၁။ | ဦးဇေယျာလင်း | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၂။ | ဦးမင်းဦး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၃။ | ဦးဟန်သူ | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၄။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ | ဦးမျိုးဆွေ | စီးပွားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ | ဦးတိန့်ဆောင် | သယံဇာတရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၇။ | ဦးမိုးမင်းသိန်း | လူမှုရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၈။ | ဦးခင်မောင်ထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ | ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၀။ | ဒေါ်နန်းလှလှအေး | ဥပဒေချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ | ဗိုလ်မှူးကြီးသန်းစိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၂။ | ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၃။ | ဦးအောင်မျိုးသိန်း | လူမှုရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၄။ | ဦးအောင်မျိုးသန်း | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၅။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၆။ | ဦးကြည်မြိုင် | ဥပဒေချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၇။ | ဗိုလ်မှူးကြီးမင်းသူကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၈။ | ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၉။ | ဦးညီညီဇော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၀။ | ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၁။ | ဦးရဲလွင် | ဥပဒေချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၂။ | ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၃။ | ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၄။ | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၅။ | ဦးဆွန်းဒုတ်ကျင့် | ဥပဒေချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၆။ | ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၇။ | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၈။ | ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၉။ | ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၀။ | ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ | ဦးထွန်းထွန်းဝင်း | ဥက္ကဋ္ဌ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၂။ | ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၃။ | ဦးခင်မောင်မြင့် | သယံဇာတရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၄။ | ဦးသက်နိုင် | လူမှုရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ | ဦးအောင်ဇော်လှိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၆။ | ဦးစောမာတင်လူသာ | တိုင်းရင်းသားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၇။ | ဦးအုန်းသန်း | ဥပဒေချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၈။ | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ | ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ | ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၁။ | ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၂။ | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၃။ | ဦးခင်မောင်တင့် | ဥပဒေချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၄။ | ဗိုလ်မှူးကြီးမိုးမင်းသိန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၅။ | ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၆။ | ဦးစိုင်းမြင့်အေး | သယံဇာတရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၇။ | ဦးမျိုးမြင့် | လူမှုရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၈။ | ဦးအောင်သူဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၉။ | ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၀။ | ဦးတင့်ဝေ | ဥပဒေချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၁။ | ဗိုလ်မှူးကြီးနေလင်းစိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၂။ | ဦးသိန်းဌေး | စီးပွားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၃။ | ဦးရွှေဇင် | သယံဇာတရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၄။ | ဦးအောင်ကျော်မိုး | လူမှုရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၅။ | ဦးအောင်ဇော်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၆။ | ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၇။ | ဦးကျော်ဆန်း | စည်ပင်သာယာရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၈။ | ဦးမြင့်အောင် | ဥပဒေချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၉။ | ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၀။ | နိုင်လယိတမ(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၁။ | ဒေါက်တာ အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၂။ | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၃။ | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၄။ | ဦးမြင့်အောင် | ဥပဒေချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၅။ | ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၆။ | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၇။ | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၈။ | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၉။ | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၀။ | ဦးလှသိန်း | ဥပဒေချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၁။ | ဗိုလ်မှူးကြီးဝင်းတင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၂။ | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၃။ | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၄။ | ဦးဌေးအောင် | လူမှုရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၅။ | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၆။ | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၇။ | ဦးဗိုလ်ဌေး | စည်ပင်သာယာရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၈။ | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

| | | |
|---|---|---|
| ၉၉။ ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၀။ဦးခွန်သိန်းမောင် | စီးပွားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၁။ဦးစိုင်းလိတ် | သယံဇာတရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၂။ဦးမင်းမင်းလွင် | လူမှုရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၃။ဦးနေဝင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၄။ဦးအောင်ကြည်ဝင်း | တိုင်းရင်းသားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၅။ဦးစိုင်းကျော်ဇံ | ဥပဒေချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၆။ဦးအာကာလင်း | ဥက္ကဋ္ဌ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၇။ဦးခွန်ရဲထွေး | ဥက္ကဋ္ဌ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၈။တားသိန်းဇော် | ဥက္ကဋ္ဌ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၉။ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၀။ ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၁။ ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၂။ ဒေါ်ခင်ခင်နွယ် | ဥပဒေချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

**နေပြည်တော် မတ် ၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဉာဏ)

## ၂၀၂၆ ခုနှစ် မတ် ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အများပြည်သူဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် ၄-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၁-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၁၀ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၇/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကိုရှေးရှုသောအားဖြင့်လည်းကောင်း၊လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၀ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကျဉ်းသား၊ အကျဉ်းသူ ၇၃၃၇ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၈/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂ (က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည)၊ ၅၂ (က)ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၉/၂၀၂၆**
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)

### အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည)၊ ၅၂ (က)ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂ (က)ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲအမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ လွတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

☆ **ကျောဖုံးမှအဆက်**

မတရားအသင်းများအက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉ (စ)အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပရေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံ တစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

❑ **အကျဉ်းသား၊ အကျဉ်းသူ ၂၈၂၅ ဦးမှ**

**ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**



❍ **တပေါင်းလပြည့်နေ့မှ**

ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများ အားထုတ်ခြင်းတို့ကို စိတ်အေးချမ်းသာစွာဆောင်ရွက်ကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင်မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ စေတီပုထိုးတို့၌လည်း ဗုဒ္ဓပူဇနိယပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ ၇၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ၊ မြို့သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါဘုရားပွဲတော်တွင် ရိုးရာပွဲဈေးတန်းများအပြင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ ဇာတ်သဘင်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ပွဲဈေးတန်းအတွင်း တောင်ပေါ်၊ မြေပြန့်ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံ၊ အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်အမျိုးမျိုး၊ အမှတ်တရပစ္စည်းများကို နွားလှည်းများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ခန်းများဖြင့် စနစ်တကျခင်းကျင်းရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများက အမှတ်တရဝယ်ယူကြသည်။

ထို့ပြင် ဘုရားအနီးရှိ ဒုဌဝတီမြစ်အတွင်း ရေချိုးဆော့ကစားခြင်း၊ လှေစီးခြင်း၊ အပန်းဖြေအနားယူခြင်းတို့ဆောင်ရွက်ကြသည့်ဘုရားပွဲလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပပြုလုပ်



ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း အခမ်းအနား ကျင်းပစဉ်။

နေပြည်တော် မတ် ၂

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ သာသနဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မြစ်ကြီးနားမြို့ ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက သာသနာရေးရာများ လျှောက်ထားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင်သီလရှင် ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အလားတူ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် ပေါင်မြို့ ပေါင်းရပ်ကွက် ဘုရားကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပေါင်မြို့ ဘုရားကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဖြူဇရပ်မြို့နယ် အောင်ဇေယျရပ်ကွက် ဓမ္မရာမတောရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မရက္ခိတာလင်္ကာရထံမှ အနုမောဒနာတရားနာယူကြည်ညိုကြ၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခေါင်းလောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူ၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၊ ရှေးဟောင်းလက်ဝဲသလုံးတော်ဓာတ်စေတီ၊ ဗဟိုကိုးနဝင်းအေးစေတီ၊ ရန်ပြေမာန်ပြေဘုရားတို့အတွက် အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား သာသနဗိမာန်ရှေ့၌ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖဝ)



ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်တို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၂ / ၂၀၂၆) ထုတ်ပြန်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကို နားလည်စေရန် ရေးရှုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အမိန့်အမှတ်(၅/၂၀၂၆)ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ်(၆/၂၀၂၆) ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၂၈၂၅ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ်(၇/၂၀၂၆) ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၀ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ်(၈/၂၀၂၆)ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ်(၉/၂၀၂၆)ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများကို အမှုမှလွှတ်ပေးခြင်း စသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၃။ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကိုပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။

၄။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး ယင်းတို့၏ လူမှုစီးပွားရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အရေးရရှိကြသည့်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာမိသားစုဝင်များနှင့် ထပ်တူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်**

# ၆၄ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြု



















၆၄ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာကြရာ မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုကြစဉ်။

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတသည် ယနေ့တွင် ကျရောက်သည့် ၆၄ နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရန်နှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှု၍ မတ် ၂ ရက်မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အားလည်းကောင်း ခွင့်ပြုခဲ့သည်။

ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

၎င်းအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှု ၉၅၃၂ မှုပိတ်သိမ်း၍ တရားခံများကို အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် မတ် ၂**

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) သုံးခုအနက် နှစ်ခုကို "Multiprofessional Patient Safety: Engaging Health Educators to enhance Patient Safety" ခေါင်းစဉ်နှင့် "Silent Mentor Surgical Workshop" ခေါင်းစဉ်တို့ဖြင့် တပ်မတော်ဆေးတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိလည်းကောင်း၊ "Modern Damage Control in the Era of Polycrisis" ခေါင်းစဉ်ဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၃ ရက်တွင်လည်းကောင်း၊ ဆေးပညာနှီးနှောဖလှယ်ပွဲကို အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ်မတ် ၄ ရက်မှ ၆ ရက်ထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၆၈ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၁၃ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ရှစ်ခု၊ Meet the Expert တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည် ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲအစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီး၊ အရာရှိများ၊ Symposium၊ စာတမ်း၊ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင် ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# စစ်တွေမြို့ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပပြုလုပ်


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဇေယျမင်္ဂလာကန်တော်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ ရှင်သီဝလိနှင့် အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် နှစ်ပါး ဆင်းတုတော်ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချအလှူတော်မင်္ဂလာပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပပြုလုပ်ရာ အဆိုပါမြို့ရှိ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသက ဦးဆောင်၍ အလှူတော်မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ရဟန္တာမထေရ်မြတ်နှစ်ပါးတို့၏ ဆင်းတုတော်၊ ဇေယျမင်္ဂလာကန်တော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဇီဝိတဒါန ငါးနှင့်လိပ်များ လွှတ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေစေတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး၏ ၁၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ ၁၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက အဆိုပါစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက အဆိုပါစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားရှိုးမြို့ရှိ မဟာဗောဓိရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ဆရာတော်၊ သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



# ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော် ကျင်းပ


ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော် ကျင်းပစဉ်။

**နေပြည်တော် မတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ဝေဠုဝန်ဘုန်းကြီးကျောင်း၌ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုန်းကြီးကျောင်း၌ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ပွဲတော်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့သမိုင်းကြောင်းများ၊ ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပအိုဝ်းတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ပင်လုံမြို့ ဝေဠုဝန်(ဝါးတောကျောင်း) ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

( ၂ - ၃ - ၂၀၂၆ )

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၃၈ ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ကော့ကရိတ် | ၃၇ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၃၆ ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၆ ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၆ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးတွင် ၆၄ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ





**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီးတွင် ၆၄ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကန်ကွင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသော ကျောက်ဆည်ခရိုင်၊ မိုးစပါးမျိုးစေ့ထုတ် တောင်သူထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်၊ စပါးစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မတ္တရာမြို့နယ်၊ ဂျုံစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ပြင်ဦးလွင်မြို့နယ်၊ မြေပဲစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ဝမ်းတွင်းမြို့နယ်၊ နေကြာမျိုးစေ့ထုတ် တောင်သူထူးချွန်ဆုရရှိသော ရမည်းသင်းမြို့နယ်၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော စဉ့်ကိုင်မြို့နယ်၊ မိုးနှမ်းစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ကျောက်ဆည်မြို့နယ်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မြစ်သားမြို့နယ်၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော ငါန်းဇွန်မြို့နယ်၊ ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မြစ်သားမြို့နယ်၊ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု တောင်သူထူးချွန်ဆုရရှိသော မလှိုင်မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် တောင်သူများကို ထူးချွန်ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လယ်ယာ၊ စိုက်ပျိုးရေးနှင့် ဆက်စပ်ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကပြခန်းများ၊ မျိုး၊ မြေ၊ ရေ၊ နည်းအထောက်အကူပြု အသိပညာပေးပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပစ္စည်းများ၊ မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များနှင့် သွင်းအားစုများ ဝယ်ယူနိုင်သည့် ပြခန်းဆိုင်ခန်း စုစုပေါင်း ၂၅ ခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေး စသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခု အနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်ထိ ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်၊ အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ် မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦးရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါ ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များကို အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှု မရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်)ပုံစံဖြင့် နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် သို့မဟုတ် ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ)သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ သို့မဟုတ် မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကား စသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၇။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။အခြားသူများကိုမျှဝေပါ။ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၉။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဘဝနေနည်း

## ဗညားကျန်းထော

**"မကောင်းမှုမှန်သမျှ တစ်ခုမှ မပြုရ၊ မလုပ်ရ။**
**ကောင်းမှုဟူသမျှ ပြည့်စုံပါစေ။ ပြုလုပ်ပါလေ။**
**စိတ်ကောင်းရှိအောင် မိမိစိတ်ကို ဖြူစင်ပါစေ။"**
**ဗုဒ္ဓမြတ်စွာဘုရား**
**ဩဝါဒပါတိမောက်(ဓမ္မပဒ၊ အပိုဒ် ၁၈၃)**

**နိဒါန်း**

ဘဝနေနည်းဆောင်းပါးကို အသက် ၄၀ ကျော်ခဲ့ပြီးသူများ၊ တစ်နှစ်ကျော်ကျော်၊ တစ်လလွန်လွန်၊ တစ်ရက်ပဲစွန်းစွန်း ဖတ်ရန်မလိုပါ။ တွေ့ကြုံခဲ့ပြီးသား၊ သိပြီးသားတွေမို့၊ အချိန်ကုန်ခံမလုပ်စေချင်လို့ စေတနာနဲ့ပြောတာပါ။ အခြားစာတွေ ဖတ်ပါလေ။ ကြိုက်ရာအလုပ် အကျိုးရှိတဲ့အရာတစ်ခုခုသာ အချိန်ကို အသုံးချပါ။

ဒီဆောင်းပါးက အသက် ၁၄ နှစ်မှ ၄၀ အတွင်းရှိ လူငယ်လူရွယ်များအတွက်၊ အမျိုးသား၊ အမျိုးသမီးများအတွက်သာ သီးသန့်အာရုံစိုက်ပြီးရေးသားထားတာမို့ပါ။ တားမရလို့ ဖတ်ချင်သပဆိုလည်း သဘောပါပဲ။ လူဆိုတာ ကိုယ်လုပ်ချင်တာလုပ်ခွင့်ရှိကြပါတယ်။ မပြုရ၊ မလုပ်ရဆိုတာတွေက အကျိုးမရှိဘဲ အချိန်အလကားကုန်တတ်တာမို့ပါ။ ကောင်းတဲ့ အလုပ်မှ ပြုသင့်တာလေ။

**အပိုင်းအခြား**

လူ့ဘဝဆိုတာက ယေဘုယျအားဖြင့် အချိန်အပိုင်းအခြားအကန့်အသတ်ရှိတယ်ဗျ။ နှစ်နှစ်၊ သုံးနှစ်ထိ ကလေးဘဝ၊ ၁၀ နှစ်မှ ၂၀ ထိက ဆယ်ကျော်သက်အရွယ်၊ ၂၀ မှ ၃၀ က လူငယ်ပါပဲ။ ၃၀ မှ ၄၀ အတွင်းဟာ လူ့ဘဝရဲ့အမြင့်ဆုံးသော ကာယစွမ်းအား၊ ဉာဏစွမ်းအား အထက်မြက်ဆုံးအရွယ်ပါ။

၄၀ ကျော်ရင် မိခင်နို့ရည်နဲ့ ဖွံ့ဖြိုးမှုဟာကုန်ပြီ။ ကာယအပိုင်းမှာ မိမိရဲ့လေ့ကျင့်မှုအရပဲ သန်မာနိုင်တော့တာ။ အသက် ၅၀ မှ ၆၀ အရွယ်ဆို ခွန်အားတဖြည်းဖြည်းဆုတ်ယုတ်လာပြီ။ ၇၀ အရွယ်၊ ၈၀ အရွယ်ဟာ အခြားလူရဲ့အကူအညီမလိုဘဲ ရှင်သန်ဖို့ရာခက်ခဲတဲ့ ဇရာအိုမင်းလာတဲ့အချိန်ပိုင်းပေါ့။ အသက် ၉၀-၁၀၀ ဆိုတာ အနာရောဂါတစ်ခုခုနဲ့ အိပ်ရာထဲမှာပဲနေရတော့မဲ့အခြေအနေ။ ဇရာ၊ ဗျာဒိ၊ မရဏဆိုတဲ့ အိုခြင်း၊ နာခြင်း၊ သေလွန်ခြင်းဆိုတဲ့ ဘူတာတွေဟာ လူသားတိုင်း ဘဝရထားကြီးစီးလာသူတိုင်း ဖြတ်သန်းဆိုက်ရောက်ရမှာတွေပါလေ။

ဘဝနေနည်းအတွက် အသက် ၄၀ မတိုင်မီ ဒီအချက်တွေကို သေသေချာချာကြိုတင်သိမြင်ထားရပါမယ်။

**အကြောင်းခံ**

လူ့ဘဝကို လက်ရှိရနေတာက အတိတ်က ကံ အကြောင်းရင်းခံကြောင့်ဖြစ်ပါတယ်။ ဘာကံတွေလဲ။ မိမိပြုခဲ့ဖူးတဲ့ကောင်းတဲ့ကံ၊ ဆိုးတဲ့ကံ၊ အရောရော အနှောနှောပါပဲ။ ကောင်းမှုရှိတော့ သက်သက်သာသာ ပျော်ပျော်ရွှင်ရွှင်ဘဝ။ မကောင်းမှုတွေများခဲ့ရင်တော့ ဆင်းဆင်းရဲရဲ၊ ခက်ခက်ခဲခဲ၊ ကြမ်းကြမ်းတမ်းတမ်းပေါ့။ ဒါဟာ အတိတ်ကံအကြောင်းခံပါပဲ။ ယခုအချိန်မှာ မိမိပိုင်ဆိုင်နေတာ အမှန်စင်စစ်ကတော့ ပစ္စုပ္ပန်ကံပါ။ ကိုယ်တိုင်ဆုံးဖြတ်ခွင့်၊ ရွေးချယ်ခွင့်ရှိနေပါတယ်။

ကောင်းမှုတစ်ခုခုပြုပါက မုချကုသိုလ်ကောင်းကျိုးရမှာပဲ။ အနေးနဲ့အမြန်၊ အကြီးအသေးက ပြုလုပ်တဲ့အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်ရဲ့ စိတ်ပါလက်ပါရှိမှု၊ ထိရောက်မှု၊ အသိဉာဏ်နဲ့ယှဉ်တွဲမှုစတဲ့အင်အားတွေအရ ကောင်းကျိုးပေါ်ထွက်တယ်။

မကောင်းမှုအပြု၊ အပြော၊ အတွေးတွေကလည်း ဒီလိုပဲ။ သောမနဿသဟဂုတ်လား၊ ဒေါမနဿသဟဂုတ်လား၊ ဉာဏသမ္ပယုတ်လား၊ ဉာဏဝိပ္ပယုတ်လား၊ ဆိုးယုတ်တဲ့အကြံအစည်၊ ယုတ်မာရက်စက်တဲ့အပြုအမူ၊ လိမ်ညာကောက်ကျစ်တဲ့ပြောဆိုမှုတွေဆိုရင် အဲဒီအကုသိုလ်တွေဟာ နောင်ဘဝမှာမှ ခံစားရတာမဟုတ်ဘူး၊ ယခုလက်ငင်း ဒီဘဝမှာတင် မုချတွေ့ကြုံရပါတယ်။

ကိုယ်စိုက်တဲ့အပင်က အသီးကို ကိုယ်စားရတာပဲ။ ကိုယ်လုပ်လို့ ကိုယ်ရတာလေ။ ကြည့်ကြပါ။

> **❖ ဘဝနေနည်းအတွက် အသက် ၄၀ မတိုင်မီ ဒီအချက်တွေကို သေသေချာချာကြိုတင်သိမြင်ထားရပါမယ်။ လူ့ဘဝကို လက်ရှိရနေတာက အတိတ်ကကံ အကြောင်းရင်းခံကြောင့်ဖြစ်ပါတယ်။ ဘာကံတွေလဲ။ မိမိပြုခဲ့ဖူးတဲ့ ကောင်းတဲ့ကံ၊ ဆိုးတဲ့ကံ၊ အရောရော အနှောနှောပါပဲ။ ကောင်းမှုရှိတော့သက်သက်သာသာပျော်ပျော်ရွှင်ရွှင်ဘဝ။ မကောင်းမှုတွေများခဲ့ရင်တော့ ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲ ကြမ်းကြမ်းတမ်းတမ်းပေါ့။ ဒါဟာ အတိတ်ကံ အကြောင်းခံပါပဲ။ ယခုအချိန်မှာ မိမိပိုင်ဆိုင်နေတာ အမှန်စင်စစ်ကတော့ ပစ္စုပ္ပန်ကံပါ။ ကိုယ်တိုင်ဆုံးဖြတ်ခွင့်၊ ရွေးချယ်ခွင့်ရှိနေပါတယ်။ ကောင်းမှုတစ်ခုခု ပြုပါက မုချကုသိုလ်ကောင်းကျိုးရမှာပဲ။ ❖**

**ဖြစ်ရပ်မှန်**

ရုရှားမှာ မြန်မာသံအမတ်ကြီးတာဝန် ထမ်းဆောင်တဲ့သူရဲ့သမီး စာရေးဆရာမကြီး မစန္ဒာက စာပေဟောပြောပွဲတစ်ခုမှာ ကိုယ်တွေ့အဖြစ်တစ်ခု ပြောပြဖူးခဲ့တယ်။ သံအမတ်ကြီးရဲ့ ရုရှားစကားပြန် အမျိုးသမီးမှာ တူလေးတစ်ယောက် နှစ်နှစ်မှ သုံးနှစ်သားအရွယ်ရှိသတဲ့။ မြန်မာသံရုံးရဲ့ ရုရှားလူမျိုး အမျိုးသမီးရဲ့ မိသားစုနဲ့ ခင်မင်ကြတာ၊ ရင်းနှီးခဲ့ကြတာပေါ့။

ရုရှားမှာနေခဲ့ရစဉ်ကပေါ့။

စကားပြန်ရုရှားအမျိုးသမီးက သူ့အိမ်သို့ဖိတ်ခေါ်လို့ ဆရာမ မစန္ဒာ(ထိုအချိန်က အသက် ၃၀ ဝန်းကျင်မှာပါ) မော်စကိုမြို့တော်ရှိ သူတို့အိမ်ကို ရောက်ဖူးအောင်လို့ သွားလည်ပါတယ်။ မိသားစုချင်းတွေ့ရ ခင်ရတာပါ။

စကားပြန်ရဲ့တူကလေးဟာ ခြံဝင်းထဲက မြက်ခင်းပေါ်မှာ တီကောင်လေးတွေကို သူ့လက်နှစ်ဖက်နဲ့ အပိုင်းပိုင်းဖြစ်အောင် ဆွဲ၊ ဆွဲဖြတ်နေတာ တွေ့ရသတဲ့။ ထိုင်ရင်းနဲ့ကလေးဟာ တော်တော်ပျော်နေသတဲ့။

ဒီလိုတီကောင်လေးတွေကို ဆွဲဖြတ်တမ်းကစားရတာပျော်တတ်တယ်။ ဒီလိုမကစားရရင် ငိုလွန်းလို့ တီကောင်လေးတွေ ရှာပေးထားရသတဲ့။ သူကစားဖို့။

**ဒီဘဝမှာတင်**

အချိန်ကာလ လေး၊ ငါးနှစ်ကြာလာပြီး ရုရှားအမျိုးသမီး မြန်မာပြည် ရန်ကုန်ကိုလာလည်တော့ မစန္ဒာတို့က သွားတွေ့တာပေါ့။ ရုရှား မြန်မာသံရုံး ဝန်ထမ်းဟောင်းလေ။ ခင်မင်ရင်းနှီးခဲ့တာကိုး။ မစန္ဒာက "အစ်မကြီးရဲ့တူလေးကော နေကောင်းရဲ့လား။ ဘယ်နှတန်းရောက်နေပြီလဲ"လို့ မေးတဲ့အခါ အဲဒီရုရှားစကားပြန်အမျိုးသမီးကြီးဟာ မစန္ဒာကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုတော့တာပဲ။

သူ့တူလေးက ဆုံးပါးသွားပြီတဲ့။

သူ့ခြေထောက်မှာ ကင်ဆာဖြစ်လို့ ခြေချင်းဝတ်၊ ဒူးဆစ်၊ ပေါင် စသဖြင့် အဆင့်ဆင့်အကြိမ်ကြိမ်ဖြတ်ပြီးမှ ခွဲစိတ်ကုသခဲ့ရပေမယ့် ဝေဒနာခံစားပြီး သေဆုံးရရှာပါတယ်တဲ့။ စိတ်မကောင်းစရာ။ အကုသိုလ်ဝဋ်က ထင်ရှားမြင်သာလိုက်ပုံ ကြောက်စရာ။

လူတွေဟာ ကံငါးပါးကို အမျိုးမျိုးပဲကျူးလွန်နေမိတတ်တယ်။ လူ့စိတ်က မျောက်စိတ်လိုပဲ အငြိမ်မနေဘဲကိုး။ တစ်ခုပြီးတစ်ခုမှားမိနေဖူးကြတာပေါ့။ မသိလို့ကျူးလွန်တာထက် သိလျက်နဲ့ကျူးလွန်မိရင် ပိုပြီးအပြစ်က ကြီးတတ်ပါသတဲ့။ အမြဲကပ်ပါနေတာနော်။

လွဲတာ၊ မှားတာ၊ ဆိုးတာ၊ မိုက်မဲတာ မိမိက ပြုလုပ်၊ ပြောဆို၊ ကြံစည်မိရင် အဲဒီဆိုးကျိုးဟာ ပပျောက်မသွားပါဘူး။ ယေဓမ္မာဟေတုပ္ပဘဝါတဲ့။ ကိုယ်ပြုတဲ့ ကံ၊ ပွဲတင်သံ၊ ကိုယ့်ထံ ပြန်လာမြဲပါ။

စိတ်ယုတ်၊ စိတ်ပုပ်၊ စိတ်အညံ့၊ စိတ်အမိုက်တွေကို မိမိရင်ထဲ သိုလှောင်သိမ်းဆည်းထားသမျှ လူယုတ်၊ လူညံ့၊ လူ့အမှိုက်ပုံးပဲဖြစ်နေရမှာပဲ။

**စိတ်ကောင်းမွေး**

**"စိတ်ကောင်းရှိဖို့က ပထမ"**လို့ အမရပူရ မဟာဂန္ဓာရုံ(ပထမ)ဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀-၁၉၇၇)က ဟောကြား၊ ရေးသားတော်မူခဲ့ပါတယ်။ အလေးထားလိုက်နာကြရင် ဘဝအတွက် အကောင်းဆုံးပါ။

စိတ်ကောင်းစေတနာကောင်းနဲ့ စဉ်းစားတွေးခေါ်တယ်။ စိတ်ရင်းသန့်ရှင်းစွာနဲ့ ချိုသာချောင်ပြောဆိုတယ်။ စိတ်ဖြူ နှုတ်ဖြူတော့ အလုပ်အကိုင်၊ အပြုအမူကလဲ ဖြူစင်ဖြောင့်မှန်တယ်။ မှန်ကန်ဖြောင့်မတ်တဲ့ အနေအထိုင်အပြုအမူတွေရဲ့ ကံအဟုန်သတ္တိတွေက (သီလတန်ခိုး) ထိထိရောက်ရောက်ကောင်းကျိုးချမ်းသာရရှိအောင် အကျိုးပေးတော့တာပဲ။

**အရေးကြီး**

ကံစမ်းတာဝါသနာပါရင် ထီထိုးချင်လဲ ထိုးပေါ့။ ထီပေါက်ဖို့ရာကတော့ မသေချာပါ။ **သေချာတာကတော့ ကောင်းမှုပြုက ကောင်းကျိုးရခြင်းနိယာမသဘောပေါ့။**

ကွန်ဖြူးရှပ်(ဘီစီ ၅၅၁-၄၇၉) တရုတ်ပညာရှိကြီးတစ်ဦးက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ လောက်ဆီက အောက်ပါစကားကို သူ့ရဲ့တပည့်တွေကို ပြောပြခဲ့ဖူးတယ်။

**"ဖြောင့်မတ်မှုကို အားကောင်းအောင်လုပ်ပါ။ ကောက်ကျစ်မှုတွေရဲ့အထက်မှာ ဖြောင့်မှန်မှုကို ထားရမယ်။ ဒီအခါမှာ မင်းအနေနဲ့ ကောက်ကျစ်မှုကို ဖြောင့်မတ်မှုအဖြစ် ပြောင်းလဲသွားစေလိမ့်မယ်"**

(သ စိတ္တ ပရိယော ဒါပနံ = စိတ်ကိုသန့်ရှင်းဖြူစင်အောင်ထားရမယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ အမွလင္ဒိုက ရာဟုလောဝါဒသုတ်ပါ တရားနဲ့အညီပါပဲ။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားရဲ့ **"စိတ်ကောင်းရှိဖို့က ပထမ"**ဆိုတဲ့ မီးမောင်းထိုးပြတော်မူတာနဲ့ တစ်သဘောတည်းပါပဲ။)

**အစုအပုံ**

ကိုယ်ပြုတဲ့ကောင်းမှုကုသိုလ်ကံတွေ ပြုရင်းပြုရင်း အစုတွေအပုံတွေ များများလာတော့ အသက်နှစ်ဆယ်၊ အစိတ်က သတိနဲ့ မိမိကိုယ်ကို ကောင်းစွာထိန်းကျောင်းခဲ့သူဟာ အသက်အရွယ်လေးဆယ်၊ ငါးဆယ်ရောက်လာတဲ့အခါ သီလအကျိုး၊ သမာဓိစွမ်းရည်၊ ပညာဂုဏ်ရည်တွေပြည့်စုံပြီး အရောင်အဆင်း ရွှေလိုဝင်းလက်ကာ ထွက်ပေါ်လာတော့တာပါပဲ။ အဲဒီလို လူတော်လူကောင်းတွေ၊ ပညာဗဟုသုတနဲ့ ကိုယ်ကျင့်တရား၊ စာရိတ္တ ဖြူစင်ဖြောင့်မှန်သူတွေ များလာရင် တိုင်းပြည်၊ နိုင်ငံကြီးပွားတိုးတက်အောင် ဖန်တီးနိုင်တာပေါ့။

မျက်စိတစ်ဆုံးမကြည့်မြင်တတ်ဘဲ အမြီးကျက် အမြီးစားမယ်၊ ခေါင်းကျက်ရင် ခေါင်းစားမယ်။ ရသမျှစားမှာပဲ။ ပေးသမျှအခွင့်အရေး လက်တစ်ဆုံးနှိုက်ပြီး ယူမှာပဲ။ ကိုယ်ကျိုးရှာမှာပဲ။ မှန်တာ၊ မှားတာ၊ တရားတာ၊ မတရားတာ ဘာမှမစဉ်းစားဘူး။ ရတုန်းရခိုက် နှိုက်မှာပဲ။ ခိုးမှာပဲ။ လိမ်တာညာတာ လုပ်မှာပဲ။ မဟုတ်မမှန်တာလဲ ပြောမှာပဲ။

**ဉာဏ်မတိမ်နဲ့**

သူများဒုက္ခရောက်အောင်လဲ အပုပ်ချမှာပဲ၊ သူတစ်ပါးနစ်နာအောင်လဲ ချောက်တွန်းမှာပဲ၊ သူတစ်ပါးသေအောင်လဲ သတ်ဖြတ်မှာပဲ၊ ငါနဲ့မတူ ငါ့ရန်သူပဲ။ အကုန်ရှင်းပစ်မယ် စသဖြင့် မျက်တောင်မွေးတစ်ဆုံးလောက်သာပဲ ကြည့်တတ်မြင်တတ်တဲ့ လူစဉ်မမီအောင် အသိဉာဏ်နိမ့်ပါးသူတွေများနေရင် ပြည်သူတွေဆင်းရဲနေကြရအုံးမှာပဲ။ လူမိုက်လူညံ့တွေ နည်းပါးသွားပြီး လူကောင်းလူတော်၊ အမြော်အမြင်ရှိသူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ နိုင်ငံနဲ့လူမျိုးအတွက် မိမိတို့က အနစ်နာခံမယ်၊ စွန့်လွှတ်မယ်၊ အဆင်းရဲခံမယ်ဆိုတဲ့ ခေါင်းဆောင်ကောင်းတွေက ဩဇာရှိစွာဦးဆောင်ကွပ်ကဲ၊ ကြီးကြပ်ပါမှသာ လူ့အဖွဲ့အစည်းက တိုးတက်သာယာလာမှာပါ။

**ဘဝနေဟန်**

လူမျိုးအလိုက် လူ့သက်တမ်းအပိုင်းအခြားကို စာရင်းဇယားနဲ့လေ့လာခဲ့ကြတဲ့ သုတေသနတွေ့ရှိချက်များအရ ဂျပန်လူမျိုး အမျိုးသား၊ အမျိုးသမီးတွေရဲ့ လက်ရှိပျမ်းမျှသက်တမ်းဟာ ၇၅- ၈၀ ရှိနေကြတယ်။ မြန်မာလူမျိုးရဲ့သက်တမ်းက ၆၅-၆၇ လောက်ရှိပါတယ်။ အကြောင်းရင်းအချက်များနဲ့ အသေးစိတ်ကိုတော့ မဖော်ပြတော့ပါ။ လူနေမှုအဆင့်နဲ့ ဝင်ငွေကိုလဲ မပြောလိုပါ။ ဘဝနေဟန်တွေက မတူကြပါဘူး။

ထင်ရှားသိသာတာကတော့ ဂျပန်လူမျိုးများက အချိန်ကို လေးစားတယ်။ စည်းကမ်းဥပဒေကို လေးစားရိုသေကြတယ်။ စာကြိုးစားတယ်။ ပညာတတ်များတယ်။ မြန်မာပြည်မှာတော့ ပြည်နယ်အချို့က တောင်ပေါ်သားတွေမှာ ဗမာစာ၊ ဗမာစကားတောင် လုံးဝမတတ်ကြပါဘူး။ လမ်းပန်းအဆက်အသွယ်ခက်ခဲတဲ့၊ ဆင်းရဲကြတဲ့ ကျေးလက်တောရွာတွေမှာ နေကြတာပါ။

လူတွေမှာ ဆင်းရဲတာ၊ ချမ်းသာတာမြင်သာတယ်။ လူတွေချင်း ရုပ်လှတာ၊ ရုပ်ဆိုးတာသိသာတယ်။

စာမျက်နှာ ၂၇ သို့ á

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၆၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၆၁၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၃၈၈၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# နောင်မွန်မြို့နယ် ထုံလာကျေးရွာ၌ ရေတားတမံတည်ဆောက်ပြီးစီးမှု စစ်ဆေး

**နောင်မွန် မတ် ၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထုံလာကျေးရွာ၌ ရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ ထုံလာကျေးရွာ၌ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့သည်။

နောင်မွန်မြို့နယ် ထုံလာကျေးရွာ၌ အရှည် ၂၅ ပေ၊ အမြင့် သုံးပေရှိရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ သုံးသန်း၊ စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ၆၃၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ရန်ကုန်ဈေးကွက်ကို မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်က လယ်ယာထွက်ကုန်တွေ



ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ လတ်တလောမှာလဲ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဆန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြန်မာနိုင်ငံသားများဘဏ်လီမိတက်နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရွှေဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုတ်ဝန်ပိုးများ လျှော့ချနိုင်စေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေများပြန်လည်ထုတ်ချေးခြင်း အစီအစဉ်ကို ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများပြန်လည်ထုတ်ချေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ တာဝန်ရှိသူများက ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁ သန်းကို Mobile Financial Payment စနစ်အသုံးပြုပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

á စာမျက်နှာ ၂၆ မှအဆက်

**စေတနာ**

လူမှာ စိတ်ကောင်းရှိခြင်း၊ မရှိခြင်းကတော့ ဥပဓိရုပ်ကောင်းခြင်း၊ ရုပ်အဆင်းကြည်လင်သန့်ရှင်းခြင်း တွေ့ရတတ်ပေမယ့် ပေါ်လွင်ထင်ရှားမှုတော့မရှိပါ။ အခြေခံအကျဆုံးကိန်းက ခေါင်းဆောင်မှာ စိတ်ကောင်းရှိခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။ ခေါင်းဆောင်တော်သလို ငယ်သားတွေက လိုက်တုပြီးမတော်နိုင်ပေမယ့် ခေါင်းဆောင်ကသာ အကယ်၍ ကိုယ်ကျင့်သီလဖြောင့်မတ်မှန်ကန်နေရင်တော့ လက်အောက်ငယ်သားတွေဟာ(မကောင်းတာမလုပ်ရဲဘူး) ကောင်းအောင်စောင့်စည်းလိုက်နာတတ်ကြပါတယ်။ ဒါဟာ ခေါင်းဆောင်မှုရဲ့ အခြေခံဥပဒေသပါပဲ။

ဒီတော့ အမိအဖကောင်း၊ ဆရာကောင်း၊ ဆရာမကောင်းတွေဟာ အိမ်တိုင်း၊ မိသားစုတိုင်း၊ ကျောင်းတိုင်းမှာနေရင်း အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နေကြခြင်းပါကလား။ မိမိကိုယ်တိုင် စံနမူနာပြကောင်းကြခြင်းအားဖြင့် အနာဂတ် သားသမီး၊ တပည့်လူငယ်တွေကို ပုံသွင်းပြုပြင်ပျိုးထောင်နေခြင်းပဲ မဟုတ်ပါလား။ သိကြပြီနော်။ စာဖတ်သူနဲ့ စာရေးသူရဲ့အတွေးအမြင်သစ်နဲ့ နိုင်ငံကို တည်ဆောက်နေရခြင်းပါပဲ။

**နိဂုံး**

ကွန်ဖြူးရှပ်က ပြောခဲ့ဖူးတယ်တဲ့။

**"ပညာဆိုတာကတော့ လူတွေကို သိနားလည်တာပဲ"**

"(ခေါင်းဆောင်လုပ်မယ့်) လူတစ်ယောက်ဟာ ဖြောင့်မတ်ရမယ်။ အမှန်တရားကို မြတ်နိုးတတ်ရမယ်။ ပြည်သူလူထုရဲ့စကားသံတွေကို အာရုံစိုက်နားထောင်ပေးပြီး လေ့လာဆန်းစစ်ရမယ်။ လူထုရဲ့အရိပ်အကဲကို ကြည့်ရမယ်။ ဘယ်သူတွေ ဘယ်လိုဒုက္ခတွေ့နေရသလဲ။ ဘယ်သူတွေက နိုင်ငံတော်အပေါ်သစ္စာရှိကြသလဲ။ သိရပေမယ်။"

နှစ်ပေါင်း ၂၅၀၀ ဆီက စကားတွေက တန်ဖိုးရှိနေဆဲပါပဲ။ ဘဝနေနည်းဆိုင်ရာ အသိပညာတွေပါခင်ဗျာ။

# ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသတွင် ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့



မနီလာ မတ် ၂

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ မင်ဒါနာအိုဒေသတွင် ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု မတ် ၁ ရက်တွင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ကနဦးတိုင်းတာချက်များအရ ငလျင်၏ဗဟိုချက်မှာ မြေအောက် အနက် ၁၀ ကီလိုမီတာခန့်တွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၅ ဒသမ ၁၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၀၉ ဒီဂရီ အနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကို မင်ဒါနာအိုကျွန်း၏ အချို့ဒေသများတွင် ခံစားရနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ လူထိခိုက်ဒဏ်ရာရမှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်သည့် တရားဝင် အစီရင်ခံချက်များ မထွက်ရှိသေးကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းဟုခေါ်သော ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများ မကြာခဏဖြစ်ပွားသည့် ဒေသအတွင်း တည်ရှိနေသဖြင့် ငလျင်လှုပ်ခတ်မှုများ လှုပ်ခတ်လေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်ရှိအချိန်ထိ သက်ဆိုင်ရာ အာဏာပိုင်များက နောက်ဆက်တွဲငလျင်များ ဖြစ်ပေါ်နိုင်သဖြင့် သတိပြုနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သောက်သုံးရေ လုံလောက်မှုရှိစေရေး ရေသိုလှောင်ရေးပရောဂျက်အတွက် ကန်ဒေါ်လာ ၆၀ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည်

နယူးဒေလီ မတ် ၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သောက်သုံးရေလုံလောက်မှုရှိစေရေး ရေသိုလှောင်ရေးပရောဂျက်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ကြောင်း အိန္ဒိယ Water and Power Development Authority (Wapda)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေသိုလှောင်ရေးပရောဂျက်ကို နယူးဒေလီမြို့တွင် တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ရေသိုလှောင်ရေး ပရောဂျက်ကို သောက်သုံးရေ လုံလောက်မှုရှိစေရန်ရည်ရွယ်၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဂျီလမ်ဒေသနှင့် ချီနပ်ဒေသတို့တွင် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ထိုသို့ဖြစ်ပေါ်နေသောရေများကို တည်ဆောက်သွားမည့်ပရောဂျက်များသို့ ရေလွှဲများဖြင့် ရေလွှဲသိုလှောင်သွားမည် ဖြစ်ကြောင်း သိရသည်။

"သောက်သုံးရေ မလုံလောက်တဲ့ အခြေအနေမျိုးမဖြစ်စေဖို့အတွက် ရေသိုလှောင်ရေးပရောဂျက်တွေ တည်ဆောက်သွားမယ်။ သောက်သုံးရေမလုံလောက်တဲ့အခြေအနေကို ကာကွယ်ဖို့တစ်ခုတည်း ရည်ရွယ်တာတော့ မဟုတ်ပါဘူး။ ဂျီလမ်ဒေသနဲ့ ချီနပ်ဒေသတို့မှာ မိုးရာသီရောက်တိုင်းရေကြီးရေလျှံမှု ဖြစ်ပေါ်နေတဲ့ပြဿနာကိုလည်း ဖြေရှင်းပေးနိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု Water and Power Development Authority (Wapda) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မတ်လကုန်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမည်ဖြစ်ကြောင်း BMD က ထုတ်ပြန်

ဒါကာ မတ် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လကုန်ပိုင်းမှ စတင်၍ အပူလှိုင်းဖြတ်သန်းမည်ဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်လွန်ကဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း Bangladesh Meteorological Department(BMD) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းပြီးပါက မုန်တိုင်း ဝင်ရောက်လာနိုင်ဖွယ်လည်း ရှိနေသည့်အတွက်ကြောင့် ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ပိုင်းဒေသများနှင့် အနောက်တောင်ဘက်ပိုင်း ဒေသများကို ဖြတ်သန်းတိုက်ခတ်သွားဖွယ်ရှိနေသကဲ့သို့ အပူလှိုင်းဖြတ်သန်းမှုအပြီး မုန်တိုင်းချက်ချင်း ဝင်ရောက်နိုင်ကြောင်း၊ အပူလှိုင်းဖြတ်သန်းစဉ် အပူချိန်ပမာဏမှာလည်း ၃၉ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုမှာ ကာလရှည်ကြာသွားနိုင်ပြီး ဧပြီ ၁၄ ရက်ခန့်ထိ ကြာမြင့်သွားနိုင်ကြောင်း သိရသည်။



"မတ်လကုန်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ပိုင်းနဲ့ အနောက် တောင်ဘက်ပိုင်းတို့မှာ အပူလှိုင်းဖြတ်သန်းဖွယ် ရှိနေပါတယ်။ အပူလှိုင်းဖြတ်သန်းတဲ့ကာလရှည်ကြာ သွားနိုင်ပြီးတော့ ဧပြီ ၁၄ ရက်ထိ ကြာမြင့်သွားနိုင်ပါတယ်။ အပူချိန်ပမာဏဟာလဲ ၃၉ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်။ အပူလှိုင်းဖြတ်သန်းမှုပြီးတာနဲ့ မုန်တိုင်းချက်ချင်း ဝင်ရောက်နိုင်ပါတယ်" ဟု Bangladesh Meteorological Department(BMD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဖီဂျီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် သတိပေးချက် ဆက်လက်ထုတ်ပြန်

ဆူဗာ မတ် ၂

ဖီဂျီနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု အန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် သတိပေးချက်ကို ဆက်လက် ထုတ်ပြန်ထားကြောင်း ဖီဂျီမိုးလေဝသဌာနက မတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယာဆာဝါနှင့် မာမာနူကာ ကျွန်းအုပ်စုများ၊ ကာဒါဗူးကျွန်းနှင့် အနီးအနားရှိ ကျွန်းငယ်များအပါအဝင် အနောက်ပိုင်းဒေသများအတွက် မူလထုတ်ပြန်ထားသည့် မိုးသည်းထန်စွာရွာသွန်းမှု သတိပေးချက်သည် ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဒေသအများစုမှာပါ တိုးချဲ့ ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ဖီဂျီဒေသအနီးတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြည်းဖြည်းချင်း ရွေ့လျားနေပြီး မိုးတိမ်ထူထပ်ခြင်းနှင့် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ပြင် အမျိုးအစား (၂) အပူပိုင်းဆိုင်ကလုန်း မုန်တိုင်း Urmil သည် ဖီဂျီနိုင်ငံ၏အနောက်တောင်ဘက်မှ ဖြတ်သန်းသွားခဲ့သဖြင့်ရေကြီးရေလျှံမှု အခြေအနေပိုမို ဆိုးရွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ အပူပိုင်းဆိုင်ကလုန်း အရှိန်ကြောင့် နိုင်ငံ၏ အနောက်မြောက်ဘက်ပိုင်းတွင် လေများ ပြင်းထန်စွာ တိုက်ခတ်နိုင်ပြီး နိုင်ငံတစ်ဝန်းမိုးရွာသွန်းမှု ပမာဏများ ပြားလာနိုင်ကြောင်း၊ အထူးသဖြင့် မြေနိမ့်ပိုင်းဒေသများနှင့် ရေကြီးရေလျှံမှု ဖြစ်ပွားလေ့ရှိသည့်နေရာများတွင် ရေကြီးရေလျှံမှုအန္တရာယ် မြင့်တက်နိုင်ကြောင်း မိုးလေဝသ ပညာရှင်များက သတိပေးထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်ပါက လမ်းပိတ်ဆို့မှုများ၊ မြေပြိုမှုများနှင့် နေအိမ်များ ရေဝင်ရောက်မှုများ ဖြစ်ပွားနိုင်သဖြင့် အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ထားရန်လည်း သက်ဆိုင်ရာဌာနများက အသိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ဖေဖော်ဝါရီလတွင် အပူချိန်မြင့်တက်ခဲ့ကြောင်း National Weather Services က ထုတ်ပြန်

ဝါရှင်တန် မတ် ၂

အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ဖေဖော်ဝါရီလတွင် အပူချိန်မြင့်တက်ခဲ့ကြောင်း National Weather Services က ထုတ်ပြန်သွားခဲ့သည်ဟု မတ် ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်စ်ဗီးဂတ်စ်မြို့တွင် အပူချိန် ပမာဏမှာ ၃၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ အအေးဓာတ် မြင့်မားလေ့ရှိသည့် ကာလဖြစ်သော်လည်း ပုံမှန်မဟုတ်သည့် ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေခဲ့ကြောင်း၊ ဖေဖော်ဝါရီလအတွင်း အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ မတ်လတွင်လည်း အပူချိန်ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ ခန့်မှန်းချက်အရ မတ် ၈ ရက်မှ စတင်၍ အပူချိန်စတင်မြင့်တက်သွားနိုင်ပြီး မတ်လအတွင်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း National Weather Services ကထုတ်ပြန်သွားခဲ့သည်။

"နီဗားဒါးပြည်နယ်မှာ ဖေဖော်ဝါရီလအတွင်းမှာ အပူချိန်တွေမြင့်တက်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေထဲမှာ အပူချိန်အမြင့်ဆုံးကတော့ လက်စ်ဗီးဂတ်စ်မြို့ပဲဖြစ်ပါတယ်။ အပူချိန်ပမာဏဟာ ၃၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ အအေးဓာတ်မြင့်မားတဲ့ကာလမှာ အခုလို အပူချိန်မြင့်တက်ခဲ့တာဟာ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေတာကြောင့်ဖြစ်ပါတယ်။ မတ် ၈ ရက်မှာတော့ အပူချိန်ပြန်လည် မြင့်တက်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်ပြီးရင်တော့ မိုးရွာသွန်းမှုတွေ ရှိလာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ ကျန်းမာရေးဆိုင်ရာနဲ့ လုံခြုံမှုဆိုင်ရာတွေကို ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်" ဟု National Weather Services မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တပည့်ကောင်းဖြစ်ဖို့ ကြိုးစားစို့

**လင်းလက်**

**ဆရာမရှိက ဘဝမသိနိုင်**

လောက၌ ဆရာမရှိဘဲတတ်သော အတတ်ပညာ ဟူ၍မရှိပေ။ ဆရာဟူသည့်စကားကို သုံးသပ်ဆင်ခြင် ကြည့်သည့်အခါ "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ" ဟူ၍ ရှိနိုင်သဖြင့် လူသားတိုင်းသည် ဆရာဟူသော အရာနှင့်ကင်းခဲ့သည်ဟူ၍ မရှိနိုင်ပေ။ လူ့ဘဝအစ ကလေးဘဝကတည်းက လမ်းလျှောက်နည်းကစ၍ မိဘ၊ အုပ်ထိန်းသူများထံမှ သင်ခဲ့ရသည်။ ထိုမှ တစ်ဆင့် "ဖေဖေ၊ မေမေ၊ ကိုကို၊ မမ၊ ဦးဦး၊ ဒေါ်ဒေါ်" စသည့်အခေါ်အပြောများကိုလည်း သင်ယူခဲ့ရပြန် သည်။ ပြေးလွှားဆော့ကစားသည့် အရွယ်သို့ရောက် သည့် အခါတွင်လည်း ထိခိုက်မှုမရှိဘဲ ကစားနိုင်ရေး အတွက် မိဘအုပ်ထိန်းသူများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ဖေးမမှုတို့ကို ခံယူခဲ့ကြရသည်။ ကျောင်းနေအရွယ်သို့ ရောက်သည့်အခါတွင်လည်း စာရေး၊ စာဖတ်က အစပြု၍ စာပေပညာရပ်များကို ဆရာ၊ ဆရာမများ ထံမှ သင်ယူခဲ့ရသည်။ သို့ဖြစ်ရာ လူတိုင်းသည် ဆရာ ဆိုသည့် အရာနှင့်ကင်းခဲ့ခြင်းမရှိနိုင်ပေ။

မည်သည့်ဘာသာကို ကိုးကွယ်၍ မည်သည့်နိုင်ငံ တွင် နေသည်ဖြစ်စေကာမူ ဆရာဟူသော အရာနှင့် တွေ့ဆုံခဲ့ကြရမည်သာဖြစ်သည်။ ဆရာတို့မည်သည် တပည့်တို့၏ ဘဝကို လက်ရှိအခြေအနေထက် မြင့်မားသည့်ဘဝကိုသာ မြင်ချင်ကြ၍ ၎င်းတို့ထံတွင် ရှိသော အသိပညာ၊ အတတ်ပညာများကို မချွင်း မချန်သင်ကြားပေးမည်သာဖြစ်သည်။ လူ့ဘဝ၌ လူအဖြစ်ရလာသူတိုင်း၏ ဘဝတွင် ဆရာဟူသည်က ရှိနေကြမည်သာဖြစ်ပြီး ထိုဆရာများကလည်း မိမိတို့၏ ဘဝလမ်းကြောင်းကို တိမ်းစောင်းသွား ခြင်းမရှိအောင် သင်ကြားပေးမည်သာဖြစ်သည်။ လူတိုင်း၏ ဘဝတွင်နည်းမှန်လမ်းပြဆုံးမပေးမည့် ဆရာများရှိနေနိုင်ကြသော်လည်း ထိုဆရာများထံမှ ဘဝအတွက် လိုအပ်သည့်အသိပညာ၊ အတတ်ပညာ များကို သင်ယူရမည်က "တပည့်" တို့၏တာဝန်ပင် ဖြစ်သည်။ လူ့ဘဝကို ရောက်လာကြသူတိုင်းသည် ဆရာဆိုသော ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရမည် က ဓမ္မတာပင်ဖြစ်ပြီး ဆရာမရှိသည့် ဘဝဟူ၍ မရှိနိုင်ပေ။

**တပည့်ဆိုသည်မှာ**

"တပည့်" ဆိုသည်မှာ "ဆရာထံမှ ပညာသင် ယူသူ။ အဆုံးအမခံယူသူ။ နောက်လိုက်ငယ်သား။" ဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "တပည့်" ဆိုသည်မှာ ဆရာတို့၏ အဆုံးအမကိုခံယူ၍ ဘဝခရီးလမ်းချောမွေ့အောင် ကြိုးစားရသူကို ဆိုလိုသည်။ လူ့ဘဝတွင် လူအဖြစ်ရလာသူတိုင်းသည် လူသားတစ်ဦးအနေဖြင့် စစ်မှန်သော ရှင်သန်ခြင်း ဖြင့် ရှင်သန်နေထိုင်ရေးအတွက် သင်ယူရသည့် အရာများက များစွာရှိသည်။ ဘဝရပ်တည်ရေး အတွက် အတန်းပညာအပါအဝင် "အသိပညာ၊ အတတ်ပညာ" များကို သင်ယူရသည်။ ဆရာတို့ထံမှ ပညာကို ခံယူနိုင်ရန်အတွက်မူ တပည့်တို့မည်သည် မိုးစက်မိုးပေါက်ကလေးများကို စုစည်းခံယူသည့် အိုးနှင့်တူပေသည်။ ကောင်းသည့် အိုးသည် ကြည်လင်စိမ်းမြသည့် မိုးရေများကို ပြည့်ဝစွာ ခံယူနိုင်သည်။ ထို့အတူပင် တပည့်ဟူသည်မှာလည်း ဆရာတို့က ဖြည့်ဆည်းပေးအပ်သော ပညာရပ်များ ကို ပြည့်ဝစွာခံယူလက်ခံနိုင်ရန် အသင့်ဖြစ်နေရမည် ဖြစ်သည်။ သို့မှသာ အတောင်စုံလင်သည့် ငှက်တစ်ကောင်အသွင်ဖြင့် အမြင့်သို့ ပျံသန်းနိုင် မည်ဖြစ်သည်။

ဆရာဆိုသည်မှာကား "နည်းမှန်လမ်းပြ အာစရိယ" ဆိုသည့် စကားနှင့်အညီ မိမိထံသို့ ရောက်သောလော တပည့်တိုင်းကို မှန်ကန်သော လမ်းကိုသာ ဦးဆောင်ခေါ်ယူသွားမည်ဖြစ်သည်။ ဦးဆောင်မှုကောင်းနောက်သို့ လိုက်ပါနိုင်ရေး အတွက်လည်း ကိုယ်တိုင်က နောက်လိုက်ကောင်း၊ တပည့်ကောင်းဖြစ်ရန်လိုသည်။ တပည့်ကောင်း ဖြစ်နိုင်ရေးအတွက် တပည့်တို့တွင် ရှိသင့်ရှိထိုက် သော ကျင့်ဝတ်သိက္ခာစောင့်စည်းမှုနှင့် စိတ်နေ စိတ်ထားတို့ရှိရန်လိုအပ်သည်။ ဆရာ သို့မဟုတ် ခေါင်းဆောင်က မည်မျှပင် ကောင်းနေစေကာမူ ကိုယ်တိုင်က နာခံတတ်သူမဟုတ်ပါက အောင်မြင်မှု ကို ရယူနိုင်ရန်မလွယ်ပေ။ လမ်းမှန်ကို ပြသူရှိ သော်ငြားလည်း ကိုယ်တိုင်က ကြိုးစားအားထုတ်မှု မရှိပါကလည်း အောင်မြင်မှုက အလှမ်းဝေးကွာ နေဦးမည်သာဖြစ်သည်။ ယနေ့အချိန်အခါတွင် အောင်မြင်နေသည့် ခေါင်းဆောင်တို့သည် တစ်ချိန်က

**❖ ဆရာနှင့်တပည့် သို့မဟုတ် ခေါင်းဆောင်နှင့် နောက်လိုက်တို့ကြား နားလည်မှုကို လွဲစေတတ်ပြီး တပည့်ဖြစ်သူများအနေဖြင့် ဆရာများထံမှ သင်ယူစရာများကို ကုန်စင်အောင်မရနိုင်စေခြင်း အဓိက အကြောင်းရင်းတစ်ခုမှာ မာန်မာနပင်ဖြစ်သည်။ ယနေ့ လူငယ်များသည် အတွေးအခေါ်နှင့်ဆောင်ရွက်ချက်များတွင် မြန်မာ့ဓလေ့စရိုက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးလာမှုကို သတိပြုရမည်ဖြစ်သည်။ ❖**

နောက်လိုက်ဘဝတွင်လည်း ခေါင်းဆောင် သို့မဟုတ် ဆရာတို့၏ ဆိုဆုံးမ၊ လမ်းပြမှုနောက်တွင် ကောင်းမွန်စွာ လိုက်ပါဆောင်ရွက်နိုင်ခဲ့သူများ သာဖြစ်သည်။

**ကျင့်ဝတ်လိုက်နာ**

တပည့်ကောင်း သို့မဟုတ် နောက်လိုက်ကောင်း ဖြစ်လာစေရေးအတွက် လိုက်နာကျင့်ကြံရမည့် ကျင့်ဝတ်များရှိသည်။ တစ်ခါတစ်ရံတွင် လူတို့သည် တပည့်ဘဝ သို့မဟုတ် နောက်လိုက်ဘဝတွင် ဆရာ သို့မဟုတ် ခေါင်းဆောင်ဖြစ်သူ၏ အားသာချက်၊ အားနည်းချက်များကိုသာ အကဲခတ်ဝေဖန်ရင်း အချိန်ကုန်နေတတ်ကြသည်။ ဆရာဆိုသည်မှာ လည်း လူသားပင်ဖြစ်သဖြင့် အားနည်းချက်ရှိနိုင် သော်လည်း တပည့်များအပေါ်တွင် မကောင်းပြု တတ်သည့်ဆရာဟူ၍မရှိနိုင်ပေ။ တပည့်ကောင်း တို့မည်သည် ဆရာ့ထံမှ ရယူအပ်သော အတတ်ပညာ နှင့် လမ်းညွှန်မှုကိုသာ အဓိကထား၍ အလေးအနက် ခံယူတတ်ရမည်ဖြစ်သည်။ ဆရာ့အပေါ် အပြစ်မြင် စိတ်ထက် အတုယူအပ်သည်ကိုသာ ရှာဖွေတတ်ခြင်း သည် တပည့်ကောင်းတို့၏ ကျင့်ဝတ်သိက္ခာပင် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို ဂိဟိဝိနယဟုခေါ်သည့် လူ့ဝတ်နည်းကျင့်ဝတ်များကို ဟောကြားပြသဆုံးမခဲ့ရာတွင် တပည့်တို့မည်သည် "နေရာမှထ၍ ခရီးဦးကြိုပြုခြင်း၊ ခစားဆည်းကပ် ခြင်း၊ စကားကိုနာယူခြင်း၊ အရိုအသေပြု လုပ်ကျွေး ခြင်း၊ အတတ်ပညာကို ရိုသေစွာသင်ကြားလေ့ကျင့် ခြင်း၊" စသည့်အကြောင်းတရားငါးပါးဖြင့် ဆရာတို့ ကို ပြုစုစောင့်ရှောက်ရမည်ဟု ဟောကြားခဲ့သည်။ တပည့်ကျင့်ဝတ်များကို "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်မချွတ်ငါးခုသာ"ဟု သင်္ဂဟဆရာတော်က ဖတ်ရှုမှတ်ရလွယ်ကူစေရန် ပြန်လည်ရေးသားထား သည်။ တပည့်ကျင့်ဝတ်ငါးဖြာကို လိုက်နာဆောင် ရွက်သည့်တပည့် သို့မဟုတ် နောက်လိုက်တိုင်းသည် အောင်မြင်မှုပန်းတိုင်ကို ရောက်နိုင်ကြသည်။ တပည့်ကျင့်ဝတ်များကို သိရှိရုံသာမက လက်တွေ့ လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။

**မာန်မာနကို ချိုးနှိမ်**

ဆရာနှင့်တပည့် သို့မဟုတ် ခေါင်းဆောင်နှင့် နောက်လိုက်တို့ကြား နားလည်မှုကို လွဲစေတတ်ပြီး တပည့်ဖြစ်သူများအနေဖြင့် ဆရာများထံမှ သင်ယူ စရာများကို ကုန်စင်အောင်မရနိုင်စေခြင်း အဓိက အကြောင်းရင်းတစ်ခုမှာ မာန်မာနပင်ဖြစ်သည်။ ယနေ့လူငယ်များသည် အတွေးအခေါ်နှင့်ဆောင်ရွက် ချက်များတွင် မြန်မာ့ဓလေ့စရိုက်များနှင့် ဆန့်ကျင် ဘက်ဖြစ်သော အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးလာမှုကို သတိပြုရမည်ဖြစ်သည်။ ခရီးဦးကြို ပြုခြင်းကဲ့သို့သော ယဉ်ကျေးမှုများလည်း ပျောက် ကွယ်လာနေပြီဟု ဆိုနိုင်သည်။ အလုပ်အကျွေးပြုခြင်း ကဲ့သို့သော တပည့်ဝတ်များကို အပေးအယူဆန်ဆန် ပြုတတ်ကြသည့် အနောက်တိုင်းယဉ်ကျေးမှုများက လွှမ်းခြုံသွားသည့်အခါ ဆရာ သို့မဟုတ် မိမိခေါင်း ဆောင်အပေါ် အလုပ်အကျွေးပြုရန် မလိုဆိုသည့် အတွေးများဝင်လာတတ်သည်။

ထို့ထက်ပို၍ ကြောက်ဖို့ကောင်းသည်က မိမိ ကိုယ်မိမိ အထင်ကြီးလွန်ခြင်းပင်ဖြစ်သည်။ နယ်ပယ် တစ်ခုပညာရပ်တစ်ခုတွင် သင်ယူစရာ၊ လေ့လာစရာ များက များစွာပင်ဖြစ်သည်။ မိမိကိုယ်မိမိ ဆရာက အနည်းငယ်သင်ပြသည်နှင့် သိလှပြီ၊ တတ်လှပြီဆို သည့် မာန်မာနတက်နေသည့်သူများအနေဖြင့် အသိပညာ၊ အတတ်ပညာများကို လက်ခံရန် မဖြစ်နိုင်တော့ပေ။ တပည့်ကောင်းတစ်ဦးတွင်ရှိရမည့် အခြေခံစိတ်ဓာတ်မှာ "နှိမ့်ချမှု" ပင်ဖြစ်သည်။ ပညာသင်ယူသူတို့မည်သည် မိမိကိုယ်ကို အမြဲတမ်း ဗလာစာအုပ်တစ်အုပ်ကဲ့သို့ သတ်မှတ်ထားရှိပြီး ဆရာ့ထံမှ အဆုံးအမများကို ရိုသေစွာခံယူရမည် ဖြစ်သည်။ ရေသည်မြင့်ရာမှနိမ့်ရာသို့ စီးဆင်း သကဲ့သို့ပင် ပညာဆိုသည်ကလည်း မြင့်မြတ်သော ဆရာတို့ထံမှ မာနမရှိဘဲ နှိမ့်ချသူတို့၏ ထံသို့သာ စီးဆင်းရောက်ရှိနိုင်သည်ကို သတိပြုမိရမည်ဖြစ်သည်။

**ယုံကြည်ရိုသေ တိုးတက်စေ**

ခေတ်ကာလ တိုးတက်ပြောင်းလဲလာမှု၏ နောက်ကွယ်တွင် မိမိတို့ကိုအသိပညာ၊ အတတ် ပညာများသင်ကြားပေးမည့် ဆရာများအပေါ် ယုံကြည်မှု၊ ရိုသေမှုများ နည်းပါးလာတတ်သည်။ နည်းပညာခေတ်သို့ ရောက်ရှိလာသည့်အချိန်တွင် လူငယ်များအနေဖြင့် လူမှုမီဒီယာများပေါ်၌သာ အချိန်ကုန်နေတတ်ပြီး ဆရာများကိုမူ နည်းပညာနှင့် လက်လှမ်းမမီတော့သည့် အတွေးအခေါ်ရှိသူများ၊ ရှေးရိုးစွဲအသုံးမဝင်သူများဟု သတ်မှတ်မိတတ်ကြ သည်။ ထိုကဲ့သို့ လွဲမှားသည့်အတွေးအခေါ်များက ဆရာနှင့်တပည့်ကြား ရှိရမည့်ယုံကြည်မှုများကို ပျောက်ကွယ်သွားစေတတ်သည်။ ဆရာအပေါ်တွင် ယုံကြည်မှု ပျောက်ကွယ်သွားသည့်အခါအတွင် သင်ကြားပေးသမျှသော အသိပညာ၊ အတတ်ပညာ များကို သံသယစိတ်ဖြင့်သာ တွေးတောနေတတ် သည်။ ထိုအခါ ရရှိရမည့်အနှစ်သာရများ ပျောက် ကွယ်သွားတတ်ပြီး အသိပညာ၊ အတတ်ပညာများကို လက်ခံရယူနိုင်တော့မည်မဟုတ်ပေ။ ယနေ့ခေတ် ခေတ်စားနေသည့် ဉာဏ်ရည်တု နည်းပညာသည်ပင် သတင်းအချက်အလက်များကိုသာ ပေးအပ်နိုင်စွမ်း ရှိပြီး ထိုအချက်အလက်များကို အကြောင်းအကျိုး အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်စွမ်းကို သင်ကြား ပေးနိုင်သည်မှာ ဆရာတို့ပင်ဖြစ်သည်။

**တပည့်ကောင်းဖြစ်ဖို့ ကြိုးစားစို့**

ဘဝခရီးလမ်းအစ လူငယ်ဘဝတွင် ဆရာများ ၏ ဂုဏ်ကျေးဇူးကို နားလည်၍ပြန်လည်ပေးဆပ် တတ်သည့် "ကတညုတ" တရားကို လက်ကိုင်ထား ရန်လိုသည်။ လုပ်ငန်းခွင်ရောက်ရှိနေကြသည့် လူငယ်များအနေဖြင့်လည်း မိမိတို့ကျင်လည်ရာ လုပ်ငန်းပတ်ဝန်းကျင်တွင် မိမိတို့ကို အလုပ်နှင့် စပ်လျဉ်း၍ အတွေ့အကြုံဗဟုသုတနှင့် ဆောင်ရွက် ဖွယ်ရာများကို သင်ကြားပေးနေသည့် ခေါင်းဆောင် များရှိသည်ကို သတိပြုမိရမည်ဖြစ်သည်။ ထိုခေါင်း ဆောင်များကို မိမိတို့၏ဘဝအတွက် တိုးတက်လမ်း ကို ပြသမည့်ဆရာများအဖြစ်မှတ်ယူကာ ထိုသူများ ၏ သင်ကြားပြသမှုများကို စနစ်တကျလိုက်နာ လေ့ကျင့်ခြင်းဖြင့် လုပ်ငန်းခွင်အောင်မြင်မှုကို ဖန်တီး ရယူနိုင်သည်။ လူငယ်များအနေဖြင့် ကိုယ်တိုင် တပည့်ကောင်း သို့မဟုတ် နောက်လိုက်ကောင်းဖြစ် အောင် ကြိုးစားခြင်းမရှိဘဲ ဆရာ သို့မဟုတ် ခေါင်း ဆောင်များ၏ လုပ်ဆောင်မှုများကိုသာ ဝေဖန်ခြင်း၊ မကောင်းပြောခြင်းတို့ကိုသာ ကျူးလွန်မိသည့်အခါ နာခံတတ်မှုများ ပျောက်ကွယ်သွားပြီး မည်သည့် ပညာရပ်မှ တတ်မြောက်လိမ့်မည်မဟုတ်ပေ။

အေအိုင်နည်းပညာခေတ်စားသည့် အချိန်တွင် လူငယ်များအနေဖြင့် လုပ်ငန်းခွင်အတွင်း အခက်အခဲ တစ်စုံတစ်ရာနှင့် ကြုံလာသည့်အခါတွင် မိမိထက် အတွေ့အကြုံပိုမိုရင့်ကျက်ခိုင်မာသည့် ခေါင်းဆောင် များထံမှ အကြံဉာဏ်ရယူရန် မေ့လျော့ကာ အေအိုင် နည်းပညာဖြင့် အဖြေရှာမိတတ်ကြသည်။ နည်းပညာ ကပေးသော လက်တွေ့လုပ်ငန်းခွင်နှင့် စပ်ဆိုင်မှုမရှိ သည့်၊ ပတ်သက်မှုမရှိနိုင်သည့် အချက်အလက်များကို အခြေခံ၍ဖြေရှင်းလိုက်သည့်အခါ အခက်အခဲမှသည် အကျပ်အတည်းသို့ ပြောင်းလဲသွားတတ်သည်။ လုပ်ငန်းခွင်အတွင်း မိမိတို့၏အတွေ့အကြုံဖြင့် ဖြေရှင်းရန် စွမ်းဆောင်နိုင်စွမ်းမရှိသည့် အခက်အခဲ နှင့် စိန်ခေါ်မှုများသည် အတွေ့အကြုံရင့်ကျက်သည့် ဆရာများအတွက်မူ ငှက်ပျောသီးအခွံနွှာသည်ထက် ပိုမိုလွယ်ကူနေတတ်သည်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့် ဆရာ့ဂုဏ်ရည် ငါးပါးဖြင့် မိမိတို့ကို ဘဝနေနည်းနိသယများကို သင်ကြားပေးနေသည့်ဆရာများ၏ ဂုဏ်ကိုယုံကြည် ရိုသေရန်လိုသည်။ တပည့်တို့မည်သည် ဗလာစာအုပ် တစ်အုပ်ကဲ့သို့ပင် ရေးစရာမှတ်စရာများစွာရှိနေ သဖြင့် ဆရာကောင်း သို့မဟုတ် ခေါင်းဆောင် ကောင်းတို့၏ အဆုံးအမ၊ သင်ကြားပြသမှုများကို ကောင်းမွန်စွာလိုက်နာခြင်းဖြင့် မိမိဘဝကို တပည့် ကောင်းဖြစ်အောင် ကြိုးစားကာအောင်မြင်မှုကိုရယူ နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၂၀၂၀၊
- နေ့စဉ်ထုတ်သတင်းစာများ၊

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၀၄၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၀၄၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၉၈၉ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာယနေ့တွင် ၁၀၄၄၉ ကေထိ ရိတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ကေလျှင် ၂၆ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၂၉၈၉ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယောင်းမြို့နယ် ဟိုရမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဟိုရမ်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့်အင်ဂျင်နီယာဝန်ထမ်းများက ဟိုရမ်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဟိုရမ်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၇ သိန်း စုစုပေါင်းငွေကျပ် ၁၁၂ သိန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**













## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်(၁)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မရှင်းရှင်း (ဘ) ဦးချန်းဝေ၏အမည်မှန်မှာ မကြည်ကြည်ဝင်းဖြစ်ပြီး မံစီမြို့၊ မန်ဝိန်ကြီး၊ ရပ်ကွက်(၂)နေ ဦးချန်းဝေ၏သမီး မကြည်ကြည်ဝင်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၀-၂-၂၀၁၀ ဖြစ်ပါကြောင်း။

မကြည်ကြည်ဝင်း၊ ၂၀-၂-၂၀၁၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြေညာခြင်း

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ နယ်မြေ-၉ တွင်နေထိုင်သူ ဦးမြင့်ဦး(၅/စကန(နိုင်)၀၁၉၀၅၅)ကိုင်ဆောင်သူသည် ၎င်း၏သားဖြစ်သူ မောင်ချမ်းမြေ့ထိုက် (ဘ) ဦးမြင့်ဦး(၅/စကန(နိုင်)၂၅၃၇၇၈)ကိုင်ဆောင်သူမှာ မိဘဖြစ်သူကို စိတ်ဆင်းရဲမှုအကြိမ်ကြိမ်ပေးခြင်း၊ အရှက်ခွဲခြင်း၊ ဒုက္ခပေးခြင်း၊ ဆိုဆုံးမမှုကိုမနာခံခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာပါသည်။ နောက်နောင်တွင် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြင့်ဦး(၅/စကန(နိုင်)၀၁၉၀၅၅)
နယ်မြေ-၉၊ စိန်ကုန်းရပ်၊ စစ်ကိုင်းမြို့။

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ - ၁၉

## အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၅/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၆ ခုနှစ် မတ် ၂ ရက်မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## အကျဉ်းသား၊ အကျဉ်းသူ ၂၈၂၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
အမိန့်အမှတ် ၆/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်နေ့အခါသမယနှင့် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် စာမျက်နှာ ၂၁ ကော်လံ ၁ ❑

## တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



မန္တလေး မတ် ၂

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့(တပေါင်းပွဲတော်)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ရေချမ်း၊ဆီမီးများနှင့် ရွှေသက်န်းများ ဆက်ကပ်လှူဒါန်းကြကာ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

ထို့အတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့၌လည်း ပြည်သူများက ကုသိုလ်ပြုဆုတောင်းခြင်း၊ စာမျက်နှာ ၂၁ ကော်လံ ၃ ❍

